မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၇)၊ အမှတ် (၁၉)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များပင့်ဆောင်ပူဇော်

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် (၂/၂၀၀၇)ကို အောက်တိုဘာ ၁၈ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြေညာချက်အမှတ်(၂/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်

ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အမျိုးသားညီလာခံနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြိုဆိုပွဲ အခမ်းအနားများကျင်းပ၍ ပြည်နယ်နှင့်တိုင်းအလိုက် ပြည်သူလူထုတစ်ရပ်လုံးက အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်ထောက်ခံအားပေးလျက်ရှိကြပါသည်။

၂။ ထိုသို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို လေးစားသောအားဖြင့်သော်လည်းကောင်း၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးတို့အား ထင်ဟပ်အကောင်အထည်ဖော်သည့်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ဒုတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရန်အတွက် “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်”ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်—

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်

(၁) ဦးအောင်တိုး (B.A, B.L) — ဥက္ကဋ္ဌ
တရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆူပူအကြမ်းဖက်မှုတွင်ပါဝင်ခဲ့သဖြင့် ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သူများအနက် အောက်တိုဘာ ၁၈ရက်အထိ ပြန်လည်စေလွှတ်ပေးခဲ့သူပေါင်း ၂၅၅၀ ဦး ရှိပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၁၈

စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်မှုများတွင် ဦးဆောင်ခဲ့သူ၊ ပါဝင်ခဲ့သူ၊ လိုက်ပါအားပေးခဲ့သူများအား ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိရာ မသိနားမလည်၍ လူစုလူဝေးနှင့်အတူ ပါဝင်သွားသူများကိုလည်း ဥပဒေဖောက်ဖျက်မိသူများဖြစ်သောကြောင့် ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❒

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

အေးအေး နေစမ်းပါရစေ

တပ်မတော်အစိုးရဟာ သူ့အလုပ် သူကြိုးပမ်းလုပ်ဆောင်နေတာပဲ။ တိုင်းပြည်မြို့ရွာ အေးချမ်းသာယာလာဆဲ လာလတ္တံ့ဆိုတာကိုလည်း မြင်သာနေပြီကော။ ရေအားလျှပ်စစ်တွေ၊ ဆည်မြောင်းတာတမံတွေ၊ လမ်းတံတားတွေ ဒါတွေဟာ ကျုပ်တို့မရှိတဲ့နောက် နောင်သားစဉ်မြေးဆက်တွေအတွက် အဖိုးတန် အရင်းအနှီးများဆိုတာ ငြင်းနိုင်ကြပါသလား။

အညာသား၏ ဆောင်းပါး (စာ ၄ နှင့် ၅)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်)

ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းရေး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။

မျက်မှောက်အချိန်အခါတွင် ဒီမိုကရေစီနိုင်ငံ အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းကြိုးပမ်းလျက်ရှိသည်။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုသည့် အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။

အောက်တိုဘာလ ၁၃ ရက်နေ့က ရန်ကုန်တိုင်း ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ ထောက်ခံကြိုဆိုပွဲကျင်းပခဲ့ရာ ပြည်သူတစ်သိန်းနှစ်သောင်းကျော် တစ်ခဲနက် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သဘာပတိက အမှာစကားပြောကြားရာ၌ "မိမိတို့ ရည်မှန်းချက် ပန်းတိုင်ကို ဖျက်လိုဖျက်ဆီးလုပ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကို စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် အစဉ်သတိထားကာကွယ် တားဆီးပြီး အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးကို ကြိုဆိုကြောင်း" ပြောကြားသွားသည်။

အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများသည် နိုင်ငံတော်တွင် တရားမျှတမှု၊ လွတ်လပ်မှုနှင့် ညီမျှမှုတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်တွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက တက်ကြွစွာ လက်တွဲကြိုးပမ်းခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ မျိုးဆက်သစ် အင်ဂျင်နီယာလူငယ်များအတွက် ရည်ရွယ်ပြီး ဦးခင်မောင်ဆွေ (B.E-Electrical). Deputy Director, Electrical Inspection Department.မှ Consideration on Electrical Standard & Specification ခေါင်းစဉ်ကို လည်းကောင်း၊ ဦးစိုးမြင့်လွင်(ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)က Project Concerning all Kinds of Engineers Base on Transmission Line Project ခေါင်းစဉ်ကို လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Seminar Room, Ground Floor၌ အောက်တိုဘာ၂၀ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၉-၁၀-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၄။	မဟာဂီတချိုကြည်မြ
၄း၅၅	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၂။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၁၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်းချိန်** (အပိုင်း-၃၅)

ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှု လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် အောက်တိုဘာ၁၆ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပြီးစီးမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် ခရိုင်ချင်းဆက်လမ်းများကို နှစ်အလိုက် သတ်မှတ်ထားရှိသည့် စီမံချက်အတိုင်း ပြီးစီးအောင်တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရေး၊ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေး၊ လမ်း ရေရှည်သွားလာနိုင်အောင် ပြင်ဆင်ထိန်းသိမ်းရေး၊ အလေအလွင့်မရှိရေး၊ ဘဏ္ဍာငွေကို စိစစ်သုံးစွဲရေးနှင့် ယာဉ်၊ စက်ယန္တရားများအား စနစ်တကျ ကိုင်တွယ်အသုံးပြုရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်တို့က မိမိတို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)

စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် လမ်းအရှည် ၄၀၁မိုင်ရှိပြီး ယခုအခါတွင် ကျောက်ချောလမ်းမိုင် ၄၁၀၊ ကတ္တရာလမ်း ၁၂၇ မိုင် ၄ ဖာလုံ၊ သစ်သားတံတား အစင်း၁၀၀နှင့် ရေကျော်၊ ရေပြွန် ၅၁၅ စင်းတို့ကို ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိကာ အဆိုပါလမ်း ဖောက်လုပ်ခဲ့ခြင်းကြောင့် ၎င်းလမ်းပေါ်ရှိ ကျေးရွာပေါင်း ၆၃၇ ရွာနှင့် ပြည်သူ ၃၈၅၇၆၅ ဦးတို့အား အကျိုးပြုကြောင်း သိရသည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂)

ဆက်လက်၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)နှင့်စပ်လျဉ်း၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

အကျိုးပြု

ထို့နောက် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်တို့က ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်နေသည့် လျာထားလုပ်ငန်းများ၏ ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးစိုးကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ အဆိုပါ ခရိုင်ချင်းဆက် လမ်းအမှတ်(၂)သည် လမ်းအရှည် ၄၄၀မိုင် ၆ ဖာလုံရှိပြီး ယခုအခါတွင် ကျောက်ချောလမ်း ၂၀၅မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၂၀ မိုင် ၃ ဖာလုံ၊ သစ်သားတံတား ၁၂၇စင်းနှင့် ရေကျော်၊ ရေပြွန်၃၇၅စင်းတို့ကို ဆောင်ရွက်ပြီးစီးပြီး ဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိကာ အဆိုပါ လမ်းဖောက်လုပ်ခဲ့ခြင်းကြောင့် ယင်းလမ်းပေါ်ရှိ ကျေးရွာပေါင်း ၂၇၂ ရွာနှင့် ပြည်သူ ၃၆၆၁၀၆ ဦးတို့အား အကျိုးပြုကြောင်း သိရသည်။

အမှာစကား

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေက လမ်းနှင့်တံတားများ ဆောင်ရွက်ရာ၌ လိုအပ်သည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်

● ရှေ့ဖုံးမှ

(၂) ဦးအေးမောင် (B.A,B.L) ဒုတိယဥက္ကဋ္ဌ
ရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၃) ဦးသောင်းညွန့် (B.Sc,B.L) အဖွဲ့ဝင်
ဥပဒေအကြံပေးပုဂ္ဂိုလ်
ရန်ကုန်မြို့

(၄) ဗိုလ်မှူးချုပ်ကျော်ဆန်း အဖွဲ့ဝင်
[B.Sc(D.S.A), Diploma in Defence and Security]
ဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်

(၅) ဗိုလ်ချုပ်ခင်အောင်မြင့် အဖွဲ့ဝင်
[B.A, Diploma in Defence and Security]
ဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန
နေပြည်တော်

(၆) ဗိုလ်ချုပ်စိုးမောင် အဖွဲ့ဝင်
[B.Sc (D.S.A),H.G.P, M.A(Defence Studies)]
စစ်ဥပဒေချုပ်
ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်

(၇) ဒေါက်တာသန်းညွန့် အဖွဲ့ဝင်
[B.A (Hons),M.Sc (Econ) (London),
Ph.D (Cambridge)]
ဥက္ကဋ္ဌ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
နေပြည်တော်

(၈) ဒေါက်တာထွန်းရှင် အဖွဲ့ဝင်
[B.A, LL.B(Ygn:),M.A Business Law(London),
LL.D, Intl Law(Ghent,Belgium),F.R.G.S (London),
A.M.R.Ae.s(London),Dip.Intl Law(London)]
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၉) ဦးထွန်းထွန်းဦး အဖွဲ့ဝင်
[B.A (Law), LL.B, M.A (Defence Studies)]
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၁၀) ဦးသိန်းစိုး [B.Sc (D.S.A),RL] အဖွဲ့ဝင်
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၁) ဦးထွန်းထွန်းဦး [B.A (Law),LL.B] အဖွဲ့ဝင်
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

(၁၂) ဒေါက်တာတင်အောင်အေး အဖွဲ့ဝင်
[B.Sc, B.L, LL.M (Germany),LL.D (Germany)]
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၃) ဦးတင်အေး (B.A, H.G.P, RL) အဖွဲ့ဝင်
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၄) ဒေါက်တာခင်မောင်ညွန့် အဖွဲ့ဝင်
[B.A, M.A (Modern Hist), Ph.D (London)]
အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

(၁၅) ဦးထွန်းအောင်ချိန် [B.A, M.A (Hist)(USA)] အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

(၁၆) ဒေါက်တာမောင်မောင်ဝင့် အဖွဲ့ဝင်
[M.B.B.S, MRCP (UK), FRCP (Edin)
Dr. Med. Sc. (Int. Med)]
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆေးသိပ္ပံပညာဦးစီးဌာန
စာပေညွှန်ကြားရေးမှူး
တပ်မတော်ဆေးတက္ကသိုလ်
ကာကွယ်ရေးဝန်ကြီးဌာန
ရန်ကုန်မြို့

(၁၇) ဦးကျော်မြင့်ဦး အဖွဲ့ဝင်
[B.Sc, M. Sc, UNDP, Certificate in Environ-
mental Toxicology and Pollution Control
Management]
ပါမောက္ခချုပ် (ငြိမ်း)
ဒဂုံတက္ကသိုလ်
ရန်ကုန်မြို့

(၁၈) ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ) အဖွဲ့ဝင်
[B.A (Law), LL.B, H.G.P]
စာရေးဆရာ
တရားရုံးချုပ်ရှေ့နေ
အယ်ဒီတာချုပ် (ငြိမ်း)
ရန်ကုန်မြို့

(၁၉) ဒေါက်တာစိုးရင် အဖွဲ့ဝင်
[B.Sc (Hons), M.Sc (UK), Ph.D (Italy)]
ပါမောက္ခချုပ် (ငြိမ်း)
ရန်ကုန်တက္ကသိုလ်
အဖွဲ့ဝင်
ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

(၂၀) ဦးလေးမြင့် အဖွဲ့ဝင်
[M.A (Philo), H.G.P, RL, D.B.L,D.I.L]
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး
ရန်ကုန်မြို့

(၂၁) ဒေါက်တာမျိုးသန့်တင် အဖွဲ့ဝင်
[B.E(Chemical),M.Sc(Chem,Eng),Ph.D
(Loughborough,England)]
အဖွဲ့ဝင်
ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

(၂၂) ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်
[B.Sc ,B.Sc(Hons),M.Sc, BL, MA (USA),
Ph.D(USA)]
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊ မွေးမြူရေးနှင့်
ရေလုပ်ငန်းပညာရှင်အဖွဲ့
ရန်ကုန်မြို့

(၂၃) ဒေါက်တာသာလှရွှေ အဖွဲ့ဝင်
[M.B.B.S, DPTM, DCMT (UK),M.S.Ed(USA)
Dr.Med .Sc]
ပါမောက္ခချုပ်(ငြိမ်း) ၊ဆေးတက္ကသိုလ်(၂)
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း
ရန်ကုန်မြို့

(၂၄) ဒေါက်တာနီလာသိန်း အဖွဲ့ဝင်
[B.Sc (Chem;) (Hons;),M.Sc(CS),Ph.D(Singapore)]
ပါမောက္ခချုပ်
ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့

(၂၅) ဦးတီခွန်မြတ် [B.A(Law),LL.B] အဖွဲ့ဝင်
ဥပဒေအရာရှိ
ကွတ်ခိုင်မြို့

(၂၆) ဒေါက်တာခင်ဇော် အဖွဲ့ဝင်
[B.A(Ed),B.Ed,Ph.D (Moscow)]
ပါမောက္ခချုပ်(ငြိမ်း)
ရန်ကုန်ပညာရေးတက္ကသိုလ်
ရန်ကုန်မြို့

(၂၇) ဦးသန်းကျော် [B.A(Law), LL.B] အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ငြိမ်း)
ရှေ့နေချုပ်ရုံး
ရန်ကုန်မြို့

(၂၈) ဒေါက်တာဒေါ်တင်မေထွန်း အဖွဲ့ဝင်
[Ph.D (Myanmar) (International Law)]
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
ရန်ကုန်မြို့

(၂၉) ဒေါက်တာဒေါ်ခင်မာရီ အဖွဲ့ဝင်
[Ph.D (Myanmar) (Intellectual Property Law)]
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်
ရန်ကုန်မြို့

(၃၀) ဦးစံလွင် B.A(D.S.A) အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
မြန်မာစာအဖွဲ့ဦးစီးဌာန
ရန်ကုန်မြို့

(၃၁) ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူ အဖွဲ့ဝင်
[Ph.D(Myanmar), (Civil Law, Family Law)]
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန
မန္တလေးအဝေးသင်တက္ကသိုလ်
မန္တလေးမြို့

(၃၂) ဦးထွန်းအောင် [B.A(Law), LL.B] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ဖျာပုံမြို့

(၃၃) ဒေါ်မေရီမီနန် [B.A(Law), LL.B] အဖွဲ့ဝင်
ဥပဒေအရာရှိအဆင့်(၁)
မြစ်ကြီးနားမြို့

(၃၄) ဦးစိုင်းမောင်ရီ [B.Com, H.G.P] အဖွဲ့ဝင်
အထက်တန်းရှေ့နေ
ဗန်းမော်မြို့

(၃၅) ဦးအင်ဇော်နော် [B.A (Law),LL.B] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ(ငြိမ်း)
မြစ်ကြီးနားမြို့

(၃၆) ဦးဒီဆင်ရမ် [B.A(Law),LL.B] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
မိုးညှင်းမြို့

(၃၇) ဦးတိုးရယ် [B.A(Law), LL.B] အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ
လွိုင်ကော်မြို့

(၃၈) ဦးစောအောင်ကျော်မင်း (LL.B) အဖွဲ့ဝင်
အထက်တန်းရှေ့နေ
ဘားအံမြို့

(၃၉) ဦးဟောက်ခန့်မန် [B.A(Law),LL.B] အဖွဲ့ဝင်
ဦးစီးအရာရှိ(ငြိမ်း)
တွန်းဇံမြို့

(၄၀) ဦးရှိသီး (B.Sc, B.Ed) အဖွဲ့ဝင်
မြို့နယ်ပညာရေးမှူး
လေရှီးမြို့

(၄၁) ဦးညွန့်တင် [B.A(Geog;), H.G.P] အဖွဲ့ဝင်
ပြည်နယ်တရားသူကြီး(ငြိမ်း)
မော်လမြိုင်မြို့

(၄၂) ဦးသာလှ [B.A(Law), LL.B] အဖွဲ့ဝင်
ဒုတိယပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)
စစ်တွေမြို့

(၄၃) ဦးစိုင်းခမ်းမှတ် [B.A, H.G.P] အဖွဲ့ဝင်
အထက်တန်းရှေ့နေ
လားရှိုးမြို့

(၄၄) ဦးညွန့်မောင် [B.Sc(Zoo)] အဖွဲ့ဝင်
ကုန်သည်
နမ့်စန်မြို့

(၄၅) ဦးဆိုင်ပေါင်းနပ် (B.A, H.G.P) အဖွဲ့ဝင်
အထက်တန်းရှေ့နေ
လားရှိုးမြို့

(၄၆) ဦးပီတာသောင်းစိန်(LL.B, D.C.Sc) အဖွဲ့ဝင်
တရားရုံးချုပ်ရှေ့နေ
ကျိုင်းတုံမြို့

စာမျက်နှာ ၅ ကော်လံ ၁

၅၆ သန်းကျော်သော မြန်မာနိုင်ငံဖွား တိုင်းရင်းသား အများစုသည် အေးအေး ချမ်းချမ်း ဆူပူမှုကင်းရှင်းစွာ ကိုယ့်ဝမ်း ကိုယ်ရှာစားနေလိုကြပါ၏။ ဒို့အရေးဆိုသော ၈၈ အနိဋ္ဌာရုံကြီးကို ပြန်၍လည်း မတွေးလို၊ ထို့ထက်ပြန်၍လည်း မဖြစ်စေလို။ လူများ စုကြီးသည် ယခုလက်ရှိ အနေအထားအပေါ် အကျေနပ်ကြီး ကျေနပ်လျက်ရှိကြပါ၏။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထား ကို အမှန်အတိုင်း မြင်ကြည့်ပေးကြပါ။ အနောက်ကမ္ဘာမှ ဒုက္ခပင်လယ်ဝေနေကြရ ရှာသည့် နိုင်ငံများနှင့် ယှဉ်ကြည့်ကြပါ။ ယခုလက်ရှိ မြန်မာ့အကျပ်အတည်း ဆိုသည် များမှာ နေလာနှင်းပျောက်သည့်ပမာ မဝေး တော့သည့် ကာလအတွင်း ဖြေရှင်းချောမွေ့ သွားမည် အမှန်ဖြစ်ပါ၍ အေးအေး ဆေးဆေး နေတော်မူကြပါခင်ဗျား။

နိုင်ငံတော်အစိုးရနဲ့ လက်တွဲညီညီရှိကြ တဲ့ ပြည်သူလူထုတွေ ပြည်နယ်နဲ့တိုင်း ဒေသ အနှံ့မှာ အမျိုးသားညီလာခံနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲတွေ ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေတာကို တွေ့ကြ တယ် မဟုတ်လား။

နိုင်ငံတော်ရဲ့ဦးဆောင်မှုနောက်မှာ ကျုပ် တို့ ပြည်သူတွေ ညီညီညွတ်ညွတ် ရှိနေတာ ပြည်တွင်းပြည်ပ အဖျက်သမားတွေ သိရှိပြီး ကိုယ့်လုပ်ရပ်ကို ရပ်တန့်ဖို့သင့်ပါပြီ။

အေးအေး နေစမ်းပါရစေ

အညာသား

ကျုပ် အညာသား။ အသက် ၇၀ချင်း၊ ဝေဒနာသည်။ စာပေမရေးသား ဖူးသော်လည်း ရင်ထဲ မခံမရပ်နိုင်လောက်အောင် ခံစားနေရလွန်းလို့ တတ်မှတ်သလောက် သည်စာရေးမိတာ ခွင့်လွှတ်ကြပါ။ ရေးခွင့် (ပြောခွင့်) ပြုကြပါ။

ကျုပ်မသေခင် တစ်ပွဲလောက်နွှဲသွားချင်ပါဘိ။ ဘာပွဲလဲ၊ ချီတက် လမ်းလျှောက်ပွဲ၊ ကိုင်မယ့် Poster က "အေးအေးနေစမ်းပါရစေ"။ သည်လိုပွဲများဖြစ်ခဲ့ရင် ကျုပ် ပါကိုပါမှာ၊ ကျုပ်ဝေဒနာအရ ခရီးဝေး မလျှောက်နိုင်တောင် တစ်မိုင်လောက် ကျော်ကျော်ပေါ့။

RFA၊ BBC၊ VOA နားထောင်ကြည့်၊ တကယ့်ကို ဆွဆွပေး နေတာ။ ယုတ်ကန်းမှုတွေ သိပ်ကိုသိသာလွန်းလှတယ်။ မြန်မာနိုင်ငံသား တွေအပေါ် သည်လောက် အမြင်ငယ်နေပါလား–ပေါ်လွင်ပါဘိ။ ဩော်– မင်းတို့ ဘာရည်ရွယ်ချက်နဲ့ ဘယ်လိုဖောင်းပေးနေတာတွေကို အဆိုးမြင် အဖျက်အမှောင့်သမားတွေသာ နားယောင်ကြလိမ့်မယ်– မှတ်ထား။ မင်းတို့ ဘာဖြစ်စေချင်နေတယ်ဆိုတာ ဒို့သိပြီလို့ ပြောလိုက်ချင်တာ။

ငပွကြီးရဲ့ လက်ရာခြေရာတွေ ကမ္ဘာမှာ ထင်ကျန်ခဲ့၊ စွန်းထင်ဆဲ ဖြစ်ရပ်တွေ များစွာ၊ များစွာ။ နှာခေါင်းရှည်တွေ မြန်မာနိုင်ငံကို ဘယ်လောက် ချစ်ပြကြဦးမှာလဲ။ မြန်မာနိုင်ငံသား ဘယ်နှယောက်များ သူတို့ကြိုးဆွဲသလို ကပြကြဦးမှာလဲ။

ကျုပ်အသက် ၇၀ တန်းအတွင်းမှာ မင်းမဲ့တိုင်းပြည်အဖြစ် ကြုံခဲ့ရ တာကို အမှတ်အရဆုံး၊ မြန်မာနိုင်ငံသားအများစု ကြုံခဲ့ကြမှာပါ။ မင်းမဲ့ဘဝ တိုင်းပြည်ကို ဘယ်သူ ကယ်တင်ခဲ့တာလဲ။ လက်ရှိအနေအထား ရောက်အောင် ဘယ်သူတွေ ဒိုင်ခံလုပ်နေပါသလဲ။ ဖြေကြစမ်းပါ။ ဆင်ကောင်ကြီး မြင်နေကြရပြီကို ဆင်ခြေရာ ဘာရှာနေစရာလိုလဲ။

တိုင်းပြည်နဲ့ ချီမပြောတော့ဘူး၊ ကျုပ်တို့အညာကို လာလေ့လာကြ။

အညာမြို့တွေဟာ အရင်နဲ့ လုံးဝကွာသွားပြီ။ ဘာသာ၊ သာသနာ ရေးမှ အစ၊ လူမှုရေးအဆင့်အတန်း အလယ်၊ တွေးခေါ်မြော်မြင်မှု အဆုံး၊ အညာသားများ ခေတ်မီတိုးတက်နေကြပြီဆိုတာ မြင်တွေ့သွားလိမ့် မယ်။ အညာမြို့သားထက် တောနယ်သူ တောနယ်သားများ လူများစုလို့ ဆိုနိုင်တယ်။ အစွန်အဖျား ရွာသိမ်ရွာငယ်များပါမကျန် ယခင်ထက် ထူးခြားစွာ ပြောင်းသွားတာကတော့ **"စီးပွားရေး"**ပဲ။ လူများစု စီးပွားရေး ချောင်လည်လာခဲ့ကြပြီ။ စပါးအခြေခံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ဂျုံ၊ ကြက်သွန်နီ/ဖြူ၊ ငရုတ်၊ မြေပဲ၊ ပြောင်းပါမကျန် သီးနှံစုံ ဖြစ်ထွန်းတော့ တောင်သူတွေ ကြီးပွားတိုးတက်ကြသည်ပေါ့။ အလားတူ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်တို့လည်း ထိုနည်းတူစွာ တိုးတက်မှုရှိလာကြတာ အားရ စဖွယ်ပါ။

ဒါဘာကြောင့်လဲ။ နယ်မြေအေးချမ်း ငြိမ်သက်မှုရှိတယ်။ တံခါးဖွင့် အိပ်လို့ရတဲ့ခေတ်ဖြစ်နေပြီ။ ခိုးဆိုးလုယက်မှုတွေ မရှိသလောက် ပါးရှား သွားပြီ။

အဓိက ဟိုရွာသည်မြို့ ကူးလူးဆက်ဆံမှု လွယ်ကူခဲ့ပြီ။ တောသားတွေ မြို့အနှံ့ရောက်ခွင့်ရှိနေပြီ၊ မျက်စိပွင့်လို့ ဗဟုသုတ တိုးပွားလာကြပြီ၊ သွားကြလာကြ ရောင်းဝယ်ဖောက်ကားကြနဲ့၊ လူများစု တောင်သူများ သီးနှံဝင်ငွေကောင်းလို့ ရွာအများမှာ သွပ်မိုး အဖွေးသားတွေ မြင်လာ စေချင်ပါဘိ။ ပွဲလမ်းသဘင် ခြိမ့်ခြိမ့်သဲနဲ့ အလှူအတန်းတွေ၊ ဘုရားပွဲ တွေလဲ ပေါမှပေါ။ ဩော်...လူတွေ လူတွေ သည်ခေတ်မှာ သည်လိုခံစား ကြရ ဖြစ်ထွန်းကြရပါလား၊ ကြည်နူးစဖွယ်ပါ။ အေး–နေရာအနှံ့အပြားမှာ လက်ကြောမတင်းသူ၊ ရေသာခိုအချောင်လိုက် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား သမားများတော့ ကျုပ်တည်းရှာကြမပေါ့လေ။

လူ ၁၀၀ မှာ အနည်းဆုံး လူ ၆၀ ချောင်ချောင်လည်လည် ရှိနေ ကြပြီ။ ၂၀ ခန့်မှာ မှန်တမ်း ဆက်၍ဆက်ကာ ရုန်းကန်ကြိုးစားကြဆဲ။ အလားအလာလည်း ကောင်းပါ၏။ ကြိုးစားလျက်ရှိကြပါ၏။ အဲ– ကျန်လူ ၂၀ ဆိုသည်ကတော့ စာဖတ်သူဝန်းကျင်မှာလည်း ရှိနေမှာပါပဲ။ ဘဝကံအကျိုးပေးညံ့သူများ၊ ပစ္စက္ခကံ နုံချာသူများ၊ အဓိကအားဖြင့် လက်ကြောမတင်းသူများ ဖြစ်ကြလိမ့်မယ်။

ကျုပ်တို့ အညာမြို့ အခြေအနေသိနိုင်ဖို့ ဈေးပတ်ဝန်းကျင်အနှံ့ လေ့လာကြည့်ကြစမ်းပါ။ တောနယ်အစုံမှ ရောင်းဝယ်ဖောက်ကား လာကြတဲ့သူ၊ ဘာနဲ့လာကြတယ်မှတ်သလဲ၊ လှည်းမစီးဘူး။ ကိုယ်ပိုင် ထော်လာဂျီ၊ ဘတ်စ်ကားငယ်များ၊ ဆိုင်ကယ်စီး တောသားဦးကြီး၊ ဒေါ်လေး ကျေးရွာသားများ၊ ပျားပန်းခပ် လှုပ်ရှားစည်ကားနေမှု မလွဲ မသွေ တွေ့ရပေမယ်။ ဆွမ်းခံ သံဃာတော်များ သပိတ်ကိုလည်းဖွင့်ပြီး ကြည့်။ ဆွမ်း၊ ဆွမ်းဟင်းတွေ အလျှံပယ် သပိတ်ပြည့်နီးပါး ရကြတာ အမှန်ပါ။ အညာသားတွေ အလှူရက်ရော တတ်ကြပါ၏။ ပညာတတ် ထွန်းကားသောမြို့မှာ ဘော်ဒါဆောင်များ ရှိချေ၏။ မြို့ရွာအနှံ့မှ ပညာ ရှာမှီးလာကြသူ ပေါလှပါ၏။ အောင်ချက်သတင်းလည်း ကောင်းလှပါ၏။ ကျောင်းသားအများလည်း စည်းကမ်းသေဝပ်ကြပါ၏။

ကျုပ်တို့မြို့ရဲ့ အဓိက ကုန်စည်ဒိုင် မုံရွာ၊ မန္တလေးနှင့် ကူးသန်းမှု မှာလည်း မှန်လုံ၊ ဒိုင်နာကားမျိုးစုံ ပေါမှပေါ။ အောင်ရတနာ ကားအသင်း ဆို ကားစီးရေ ၃၀၀ကျော် ပြေးဆွဲနေ၍ မန်း–မုံရွာ ရေအိုး ရေမှုတ်ပမာပါ။

ရထားနဲ့ မုံရွာသွားချင်လား။ မြစ်ကြီးနား၊ မန္တလေး သွားလိုရာသွား၊ အန္တရာယ်ကင်းပါ၏။ လမ်းပန်းခရီး ချောမွေ့နေပါပြီတည်း။

ခုပြောပြသော ကျုပ်တို့မြို့ပမာ တိုးတက်စည်ကားလာသော မြို့ရွာများ မြန်မာနိုင်ငံမှာ များစွာရှိကြမယ်လို့ ယုံတာပဲ။

တပ်မတော်အစိုးရဟာ သူ့အလုပ် သူကြိုးပမ်းလုပ်ဆောင်နေတာပဲ။ တိုင်းပြည်မြို့ရွာ အေးချမ်းသာယာလာဆဲ လာလတ္တံ့ ဆိုတာကိုလည်း မြင်သာနေပြီကော။ ရေအားလျှပ်စစ်တွေ၊ ဆည်မြောင်းတာတမံတွေ၊ လမ်းတံတားတွေ ဒါတွေဟာ ကျုပ်တို့မရှိတဲ့နောက် နောင်သားစဉ် မြေးဆက်တွေအတွက် အဖိုးတန်အရင်းအနှီးများဆိုတာ ငြင်းနိုင်ကြပါ သလား။

အစိုးရသက်တမ်းနှစ် သည်လောက်လေးမှာ သည်လိုတွေဖြစ်ထွန်း လာခြင်းကို ဘာလို့လက်မခံနိုင်ကြပါသလဲ။ ယခင့် ယခင် အစိုးရများ ခေတ်ကာလများမှာ သည်လိုဖြစ်ထွန်းခဲ့ပါသလား။ တိုင်းရင်းသား ၁၇ ဖွဲ့ အပြင် ဦးခွန်ဆာတို့ကိုပါ အဆင်ချောအောင်၊ ပြေလည်မှုရအောင် ဘယ်အစိုးရ စွမ်းဆောင်နိုင်ခဲ့ဖူးပါသလဲ။ မဲသဝေါ၊ မိုင်းယန်းတွေ မပြောတော့ပါဘူး။ တပ်မတော်ကြိုးစားလို့၊ အနာခံလုပ်လွန်းလို့ တိုင်းပြည် အေးချမ်းနေပါပြီ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် အမှန် လျှောက်လှမ်းမိနေပါပြီ။

ကျုပ် ၇၀ သက်တမ်းသမား သာဓု အမှန် ခေါ်မိပါတယ်။ မောင်မင်း ကြီးသားများ ကြိုးပမ်းပေးကြလို့ ကျုပ်အပါအဝင် မြန်မာနိုင်ငံသားအများ မကြောင့်မကြနေနိုင်၊ စီးပွားရှာနိုင်ကြပါပြီ။

နိုင်ငံရပ်ခြား အလုပ်ရှာသွားနေကြသူအများဟာ ကိုယ့်ပြည်တွင်းမှာ ငတ်ပြတ်နေလို့ ငတ်အသေမခံနိုင်လို့ သွားကြခြင်းမဟုတ်ပါဘူး။ ကိုယ့် လောဘနဲ့ကိုယ် သွားကြခြင်းပါ။ ပို၍ ပို၍ ကြီးပွားချင်ကြလွန်းလို့ လောဘအရင်းခံ ထင်ကြီးတစ်လုံးနဲ့ သွားကြသူအများပါ။ အမျိုးဘာသာ၊ သာသနာကို တွယ်တာသူ၊ အမိမြေတန်ဖိုး–ဟိုရောက်မှ ပိုသိခွင့်ရလိုက် သူများ၊ ကျိတ်လွမ်း၊ ကျိတ် နောင်တရမိသူအများ ရှိကြပါလိမ့်မယ်။

ကျုပ်တို့နယ်ထဲ ဆင်းမွှေကြည့်။ ဘယ်အိမ်ဝင်ဝင်၊ ဆေး၊ ကွမ်း၊ လက်ဖက် မတည်သော အိမ်၊ အကူအညီမပေးလိုသောအိမ် ရှာမှရှား၊ သိကြရလိမ့်မယ်။ မြန်မာ့ဓလေ့၊ တောရွာခေါင်လေ ပို၍ ပိုလို့ ချစ်စရာ၊ လေးစားစရာတွေ တွေ့မြင်ရလေပဲ။

၅၆ သန်းကျော်သော မြန်မာနိုင်ငံဖွား တိုင်းရင်းသားအများစုသည် အေးအေးချမ်းချမ်း ဆူပူမှုကင်းရှင်းစွာ ကိုယ့်ဝမ်းကိုယ် ရှာစားနေလိုကြ ပါ၏။ ဒို့အရေးဆိုသော ၈၈ အနိဋ္ဌာရုံကြီးကို ပြန်၍လည်း မတွေးလို၊ ထို့ထက် ပြန်၍လည်း မဖြစ်စေလို။ လူများစုကြီးသည် ယခုလက်ရှိ အနေအထားအပေါ် အကျေနပ်ကြီး ကျေနပ်လျက်ရှိကြပါ၏။

တိုင်းဆူပြည်ဖျက် လုပ်လိုသူ လူလက်တစ်ဆုပ်စာကို ရွံမုန်းပါ၏။ ထို့ထက် ရန်တိုက်ပေးနေကြသော ချကြကွ၊ ဆော်ကြကွ၊ ထွက်ခဲ့ကြပါ လား၊ ဆော်ကြပါလား–ဘေးတီးပေးနေသော၊ လောင်စာကို ဓာတ်ဆီရွှဲရွှဲ ဆွတ်ပေးပြီး ထိုးသိပ်သွင်းပေးနေသော နှာခေါင်းရှည် အသံလွှင့်ဌာနများရဲ့ ရန်တိုက်ပေးမှုများ တစ်ရံတစ်ခါ နားဆင်ကြည့်စမ်းပါလေ။ ကျုပ်ဖြင့် အော့နှလုံးနာလှပါ၏။

"အမည်မဖော်လိုသူ သံဃာတစ်ပါး၊ ဘယ်မြို့မှ ဦးဘခင် စသည် တစ်မျိုး"၊ "ပြည်သူကို ဘယ်လိုပြောစေချင်တာလဲ၊ ဘာဆက်လုပ်ဖို့ ရည်ရွယ်ပါသလဲ"စသည် စသည် ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံစွာဖြင့် တိုင်းပြည်ဆူစေ၊ ပွက်စေအောင် သူတို့ အပတ်တကုတ် ကြိုးပမ်းနေချက် များကို စဉ်းစားတွေးခေါ်တတ်သူ မြန်မာအများ နားမယောင်မိကြပါ။ မင်းတို့ပညာ သည်လောက်ပဲလား၊ မေးစမ်းလိုပါ၏။

ပြည်သူများ အသိတရား ကြွယ်ဝနေကြပါပြီ။
ပြည်သူများ ဗဟုသုတ ကုံလုံနေကြပါပြီ။
ပြည်သူများ နလပိန်းတုံးများ မဟုတ်ကြတော့ပါ။
မြန်မာနိုင်ငံသည် ကမ္ဘာမှာ သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံ။
မြန်မာနိုင်ငံသည် ပြာပုံဘဝနီးပါးမှ ကုန်းရုန်းထကာ ကိုယ့်အား ကိုယ်ကိုး တိုင်းပြည်

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်

စာမျက်နှာ ၃ မှ

(၄၇) ဦးစတီဗင် [B.A(Geog), H.G.P] အဖွဲ့ဝင်
အထက်တန်းရှေ့နေ
ကျိုင်းတုံမြို့

(၄၈) ဦးစိုင်းကျော်ဇံ [B.A(Law), LL.B, D.C.Sc] အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
တာချီလိတ်မြို့

(၄၉) ဦးညီနပ် [B.Sc(Phy:)] အဖွဲ့ဝင်
ကုန်သည်
တာချီလိတ်မြို့

(၅၀) ဦးစိုင်းတင့်ဆိုင် [B.A(Law), LL.B] အဖွဲ့ဝင်
ဗဟိုတရားရုံးရှေ့နေ
တောင်ကြီးမြို့

(၅၁) ဦးခွန်ဆန်းရွှေ (LL.B) အဖွဲ့ဝင်
ကုန်သည်
တောင်ကြီးမြို့

(၅၂) ဦးငွေစိုး (LL.B) အဖွဲ့ဝင်
ကုန်သည်
ပင်းတယမြို့

(၅၃) ဒေါက်တာသောင်းမြင့် အတွင်းရေးမှူး
[M.B.B.S, M.Sc(Forensic Medicine), GDR]
ပါမောက္ခ(ဌာနမှူး)(ငြိမ်း)
ဥပဒေရေးရာဆေးပညာဌာန
ဆေးတက္ကသိုလ်(မန္တလေး)
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော်

(၅၄) ဦးဝင်းကို (LL.B, LL.M) တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်ရုံး
ရန်ကုန်မြို့

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ASEAN Joint Stamp Issue
အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များ ရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ASEAN Joint Stamp Issue အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ၁၀ခေါင်းပါတစ်စုံကို တစ်ခေါင်းလျှင် ငွေကျပ် ၅၀နှုန်းဖြင့် အောက်တိုဘာ ၁၉ရက် နံနက် ၉နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်းနှင့်ခရိုင်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၁၉ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဦးဗျန်စိန်အားရည်စူး၍ ရန်ကုန်မြို့ မြေနီကုန်း စမ်းချောင်းမြို့နယ် ဓမ္မာရုံလမ်း အမှတ် ၈၀နေ ဒေါ်ရှုကြည်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ ပင်မဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

The Live News ဂျာနယ် အမှတ်(၅၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၈

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ် (၅၆) ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ ရွှေပြည်သာမြို့နယ်ရှိ မွေးမြူရေးအစာစက်ရုံတစ်ခု မီးလောင်ကျွမ်းမှု၌ သိန်း ၉၀၀ နီးပါးခန့်ဆုံးရှုံးခဲ့ရ၊ တာဝန်မဲ့သည့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင် ကုမ္ပဏီတချို့ကြောင့် ပြည်ပရောက်မြန်မာအချို့ ဒုက္ခနှင့်ရင်ဆိုင်နေကြရ၊ ငါးရေထိုးရောင်းချခြင်းကို ထိရောက်စွာ အရေးယူမည်၊ ရန်ကုန်တိုင်း မြို့နယ်လေးခုတွင် ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သည်ဆိုသူအား ဖမ်းဆီးရမိ၊ စာပန်းချီမဂ္ဂဇင်းနှင့် စာအုပ်တိုက်၊ မီးတောင်ကျွန်းက မပို့ဖြစ်သော စာများ၊ လမ်းပေါ်ကအတွေးများ–၁ (စည်းခိုးတဲ့ကားများ)၊ ဆံတော်ကြိုးလမ်းကနေ ဖြစ်တည်လာတဲ့ ရွှေတိဂုံဘုရားလမ်းရဲ့ ဝိသေသများ၊ အမေရိကန်နှင့် ဂျပန်အကြား စစ်စခန်းချထားမှု စရိတ်ကျခံရေးအငြင်းပွား၊ တူရကီနိုင်ငံက အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်ဒေသအား ဝင်ရောက်တိုက်ခိုက်ဖွယ်ရှိ၊ တရုတ်(တိုင်ပေ)ရေလက်ကြားမှစစ်အင်အားပြိုင်ဆိုင်မှု၊ ပြန်လည်လှုပ်ခတ်လာတဲ့ တူရကီနိုင်ငံရေး၊ တက္ကစီမင်းနှင့် ကားပါကင်ဂိတ်၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်း အောင်သိန်း၊ ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၃၊ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက် (ဥပုသ်နေ့)
၁၉–၁၀–၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	ဖောင်တော်ဦးဘုရားပွဲတော် (အင်းလေး)
၇:၅၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၁၅	၆။	အတီးပြိုင်ပွဲ
၈:၃၀	၇။	International News
၈:၄၀	၈။	Islands of Dhamma
၈:၅၀	၉။	ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း

ညပိုင်း

၁၄:၅၀	၁။	၂၀၀၇ ခုနှစ်(၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံး ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ)
၁၆:၄၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇:၀၀	၃။	ဆောင်းပါးရှင် ဖိုးသူတော်ရေချမ်း၏ **"ဓမ္မန္တရာယ်လက်သစ်များနှင့် ကာလဝိပ္ပတ္တိနိုင်ငံရေး အောက်လမ်းသမားများ"**
၁၇:၁၅	၄။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက–၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၇:၃၅	၅။	(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြိုတင်ပြင်ဆင်မှုများ(လေ့ကျင့်ကြိုးစားလှေလှော်အားကစား)
၁၈:၀၀	၆။	ညနေခင်းသတင်း
၁၈:၃၀	၇။	မိုးလေဝသအခြေအနေ
၁၈:၃၅	၈။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးတတိယချစ်ပုံပြင်** (အပိုင်း–၁၂)
၂၀:၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	**၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေးတဝဲလည်လည်** (အပိုင်း–၂၆)
	၁၅။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၀–၂၀၀၇ (သောကြာနေ့)
AM & PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	'အသေလွတ်ရာလမ်း' တရားတော် (ပြည်တွင်း၊ ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇:၅၅ – ၁:၅၅	ဧရာဝတီတိုင်း လပွတ္တာလုပ်တောင်ကျေးရွာ ရှင်စောမြတ်စေတီတော်မှ ပဋ္ဌာန်းမြတ်ဒေသနာ
၈:၁၅ – ၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀ – ၂:၂၀	Myanmar Video Rhythm
၈:၅၀ – ၂:၅၀	မြေပေါ်တွင် လှူသည် သာသနာ့ဗိမာန်တည်
၉:၁၀ – ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ – ၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅ – ၃:၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၃၅ – ၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀ – ၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅ – ၃:၄၅	ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကိုသုံးကြစို့
၁၀:၀၀ – ၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ – ၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀ – ၄:၁၀	ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
၁၀:၂၀ – ၄:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀ – ၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅ – ၄:၃၅	ဗီတာမင်ဘီဝမ်းနှင့် ပေါင်းဆန် (ပါမောက္ခ ဒေါက်တာ ချစ်စိုး၊ ဒေါက်တာလှကြည်)
၁၁:၀၅ – ၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀ – ၅:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅ – ၅:၁၅	ရွတ်ဆိုပွားများ ဓမ္မစကြာတရားများ (အပိုင်း–၁) (ဆူးလေဝတ်အဖွဲ့)
၁၁:၅၅ – ၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀ – ၆:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ရဝေအောင်နှင့်တွေ့ဆုံခြင်း)
၁၂:၂၅ – ၆:၂၅	VJ Choice
၁:၀၀ – ၇:၀၀	MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ပြန်လည်ထူထောင်နေဆဲကာလ၊ တိုင်းပြည်အနှံ့ ဖွံ့ဖြိုးဝေဆာအောင် နေ့ညမနား ကြိုးပမ်းတည်ဆောက်နေသော တပ်မတော်အစိုးရအပေါ် ငြိုးသူရန်ဘက်ကြီးပမာ ထိုင်ဆဲ၊ ထဆဲ၊ အယုတ်တမာ စွပ်စွဲ၊ အပုပ်ချ၊ ထင်သလို စော်ကားရမ်းကားနေသော ငပွကြီးအုပ်စုကို ကျုပ် အော့နှလုံးနာမိပါတယ်။ သစ္စာမဲ့ ဒေါ်လာစား လက်တစ်ဆုပ်စာများကိုလည်း သြချမိပါ၏။

ဥပဒေဘောင်အတွင်း အေးချမ်းစွာ နေနေသော ပြည်သူအများကို ဗလာချီ နှိပ်စက်ပါမည်လော။ အဝေးက အသံနဲ့ နှိပ်စက်နေတာ ဘယ်သူလဲ။

ကျုပ်တို့ အညာသားများအပါအဝင် ပြည်သူအများစုကြီးသည် ဥပဒေဘောင်အတွင်းမှ အေးအေးငြိမ်းငြိမ်း ရှာဖွေလုပ်ကိုင်စားသောက်နေကြပါ၏။ မိမိပတ်ဝန်းကျင် အေးချမ်းသာယာနေသလို နိုင်ငံတစ်ဝန်းလည်း ငြိမ်းချမ်းစေလိုပါ၏။

အညာမြို့မှာ စားဆီဈေးကြီးသည့်အခါ နိုင်ငံတော်က စားအုန်းဆီ တစ်ပိုင်တစ်နိုင် ကူညီရောင်းပေးခဲ့သလို စက်သုံးဆီ အခက်အခဲများစွာကြားမှ လျှပ်စစ်မီးကိုလည်း တတ်နိုင်သမျှ လင်းလက်ပေးခဲ့ပါ၏။

ကမ္ဘာအနှံ့ အခြားတစ်ပါး တိုင်းနိုင်ငံများနှင့်စာသော် မြန်မာနိုင်ငံ၏ ဒုက္ခ၊ အနိဋ္ဌာရုံများဆိုသည်မှာ အဖျားအနားမျှသာပါလားလို့ လူတွေ (အများ) သတိပြုမိကြပါသည်။ တစ်ဆိတ်ကို တစ်အိတ်လုပ်၊ မှန်ဘီလူးဖြင့် ကြည့်ကြတဲ့ နိုင်ငံကြီးသားမပီသသူ ငပွကြီး ဦးဆောင် အရုံအပွားများ တစ်နေ့နေ့ ဝဋ်လည်ကြရပါလိမ့်မည်။

မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို အမှန်အတိုင်း မြင်ကြည့်ပေးကြပါ။ အနောက်ကမ္ဘာမှာ ဒုက္ခပင်လယ်ဝေနေကြရှာသည့် နိုင်ငံများနှင့် ယှဉ်ကြည့်ကြပါ။ ယခုလက်ရှိ မြန်မာ့အကျပ်အတည်း ဆိုသည်များမှာ နေလာ နှင်းပျောက်သည့်ပမာ မဝေးတော့သည့်ကာလအတွင်း ဖြေရှင်းချောမွေ့သွားမည် အမှန်ဖြစ်ပါ၍ အေးအေးဆေးဆေး နေတော်မူကြပါခင်ဗျား။

ရိုးသားကြိုးစား လုပ်စားသူတွေက လူများစုကြီးပါ ခင်ဗျား။ ကျုပ်တို့ မြန်မာနိုင်ငံမှာ ထမင်းငတ်သေသူ မပေါ်ပေါက်နိုင်ပါ။ ရိုးသားကြိုးစားလျှင် ဖြစ်ထွန်းနိုင်သည့် ရေခံမြေခံကောင်းလှသောနိုင်ငံ အမှန်ဖြစ်ပါသည်။ စုန်းပြူး ခွစာ လက်ကြောမတင်းတဲ့ ရာနှုန်းအနည်းငယ်မှာတော့ အခက်အခဲ အကျပ်အတည်း နည်းနည်းပါးပါးရှိရင်လည်း ရှိပါလိမ့်မည်။ မြတ်စွာဘုရား လက်ထက်တော်မှာလည်း ရှိခဲ့ဖူး၍ ကမ္ဘာ့နိုင်ငံအနှံ့မှာလည်း လူဆင်းရဲများ ရှိတတ်ကြသည်သာဖြစ်၍ ဥပေက္ခာပြုရုံပါပဲ။

နိုင်ငံတော်အစိုးရနဲ့ လက်တွဲညီညီရှိကြတဲ့ ပြည်သူလူထုတွေ ပြည်နယ်နဲ့တိုင်းဒေသအနှံ့မှာ အမျိုးသားညီလာခံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲတွေကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေတာကို တွေ့ကြတယ် မဟုတ်လား။

နိုင်ငံတော်ရဲ့ ဦးဆောင်မှုနောက်မှာ ကျုပ်တို့ပြည်သူတွေ ညီညီညွတ်ညွတ် ရှိနေတာ ပြည်တွင်း ပြည်ပ အဖျက်သမားတွေ သိရှိပြီး ကိုယ့်လုပ်ရပ်ကို ရပ်တန့်ဖို့သင့်ပါပြီ။

ကျုပ်တို့အနေနဲ့ ဘယ်သူ့ကိုမှ အပြစ်လည်း မတင်လို၊ လက်တုံ့လည်း မပြန်လိုပါဘူး။

ကျုပ်တို့ ပြည်သူလူများစုက **"အေးအေးနေစမ်းပါရစေ"** ဆိုင်းဘုတ်ကြီးကိုင် နေထိုင်လိုပါကြောင်းပါ ခင်ဗျား။ ။

ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် မြဇေယျာလမ်းနှင့် မြသိင်္ဂါလမ်းထောင့်ရှိ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီနှင့်ပဲတို့ကိုတပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီး သုံးဦးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စန္ဒီပရဆေးမိသားစု၊ အိုကေ ကောက်ပဲသီးနှံရောင်းဝယ်ရေး၊ PMG ကုမ္ပဏီလီမိတက်၊ ဦးကျော်ကျော်ဦး–သီဟသုခမ္မသီဂီ ဒေါ်သန်းသန်းစိန်၊ သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေး၊ အမက(၄) ကမာရွတ်၊ အမက(၁) ကမာရွတ်၊ အမှတ်(၃) ရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အာရှ ကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် ကျော်တိုင်းရင်းဆေးတိုက်တို့မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ ကမ္ဘောဇဘဏ် လီမိတက်က ငွေကျပ် ၁၂သိန်း၊ ဦးဇေယျာသူရမွန် (MD, Gunkul Engineering & Air Fresh Co., Ltd.)က ငွေကျပ်ရှစ်သိန်း၊ ဦးမောင်မောင်(ရွှေကမ္ဘာ ဆောက်လုပ်ရေး)ကငွေကျပ်ငါးသိန်း၊ ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်ကငွေကျပ် လေးသိန်း၊ (ဦးသိန်းမောင်)– ဒေါ်ပါပါး (စန္ဒီပရဆေးမိသားစု)ကငွေကျပ် ၃၀၇၀၀၀၊ ဦးမျိုးဆွေ–ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)၊ ဦးချစ်ခိုင် (ဇေင်ဆောက်လုပ်ရေး)နှင့် သီဟသုခမ္မမဏိဇောတရေ ဦးတင်ဝင်း– သီရိသုခမ္မသီဂီဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့KN ကုမ္ပဏီ) တို့က ငွေကျပ်သုံးသိန်းစီ၊ ကမာရွတ်မြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၂၆၁၀၀၀၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေး)ကငွေကျပ် ၂၀၆၀၀၀၊ ဦးမိုးမြင့် (Myint & Associates Co,. Ltd.)၊ ဦးအောင်သန်းဦး (မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း)Jewellery Love & Summer Palace Hotel၊ မြန်မာနိုင်ငံဆီကုန်သည်များအသင်း၊ကမာရွတ်မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးထွန်းမြင့်– ဒေါ်စန်းစန်းဦး (မဉ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက်)နှင့် ကျော်ညွန့်နှင့်ညီအစ်ကိုများကငွေကျပ်နှစ်သိန်း စီ၊ ဦးသိုင်းဝင်း– ဒေါ်ငွေငွေညွန့် (BTB ကုမ္ပဏီ)နှင့် သုခမ္မမဏိဇောတရေ ဦးတင်အောင်– သီရိသုခမ္မသီဂီ ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း) တို့က ငွေကျပ်၁၅၀၀၀၀စီ၊ Blazon မိသားစု၊ ဒေါ်အက်စ်ခေါင်နန် (May & Mark Jewellery)၊ ဒေါ်လှလှ (လမ်းမတော်)၊ ဦးသတိုးဦး–ဒေါ်ပုလဲသူဇာ (Diamond & Angle)၊ ဦးမျိုးအောင်– ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီလီမိတက်)နှင့် ဦးအောင်မွန်– ဒေါ်လှလှမော် (မြင့်မြတ်ဆန်စပါး စိုက်ပျိုးရေး)တို့က ငွေကျပ်တစ်သိန်းစီ၊ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ် (၇)နှင့် အမှတ်(၁၀)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် တစ်သိန်းစီအပါအဝင်စေတနာရှင် အလှူရှင်များက အလှူငွေကျပ် ၈၉၈၄၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း လျှောက်ထားသည်။

အမျှပေးဝေ

ယင်းနောက် သုစိတ္တာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမာရွတ်မြို့နယ်အတွင်းရှိဘုန်းတော်ကြီးစာသင်တိုက်များသို့ ယမန်နေ့က လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၀၁ အိတ်၊ ၁၈ ပြည်၊ ဆီ ၁၇၉ပိဿာ၊ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား၃၀၈ပိဿာ၊ သွားတိုက်ဆား ၅၉ဘူး၊ဆေးမျိုးစုံ ၉၈ ဘူး၊ ပဲ ၅၈ပိဿာ၊ ၈၀ကျပ်သားနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၈၉၈၄၀၀၀ ဖြစ်သည်။

သဃ်န်းကျွန်းမြို့နယ်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ မွတ်စလင်(မ်)သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ မွတ်စလင်(မ်) သက်ကြီးဂေဟာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မွတ်စလင်(မ်)သက်ကြီးဂေဟာ ဂေဟာမှူး(၂)အလ်ဟာဂျ်မော်လဝီ ဟာဖစ်ဇ်ဟူစိန်(ခ)ဦးကျော်ဝင်းက ကျမ်းမြတ်ကုရ်အာန်ရွတ်ဖတ်သရဇ္ဈာယ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီး သုံးဦးတို့က ဆန်၊ ဆီ၊ ပဲနှင့် အလှူငွေကျပ် ၂၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆန်ငါးအိတ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှလှူဒါန်းသော ဆန်ငါးအိတ်၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်းက အိုင်အိုဒင်းဆား ၈၅ပိဿာနှင့်သွားတိုက်ဆား ၁၇ဘူး၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက တိုင်းရင်းဆေးမျိုးစုံ ဘူး ၂၂၀၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းက ဆန်ငါးအိတ်၊ (ဦးသိန်းမောင်) – ဒေါ်ပါပါး (စန္ဒီပရဆေး မိသားစု)က ဆန်အိတ် ၁၀ အိတ်၊ ဦးဖေသင်လမ်းနေ ဟာဂျီဦးကျော်အေးနှင့် ဦးငြိမ်း–ဒေါ်အုံးကြင် (OK ကောက်ပဲသီးနှံရောင်းဝယ်ရေး) တို့က ဆန်ငါးအိတ်စီ၊ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆန်နှစ်အိတ်၊ ဦးရာဖိတ်ဆိုင်နှင့် ဦးဘဟန်လမ်းနေ ဟာဂျီကိုရှမ်းတို့က ဆန်တစ်အိတ်စီ၊ ဦးစိုးထွန်းရှိန်–ဒေါ်ခရေနွယ် (အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ)က ဆီ ၄၃ ပိဿာ၊ ရွှေကမ္ဘာမောင်မောင်က ငွေကျပ် ၁၁သိန်း၊ ဟာဂျီအဗ်ဒွလ်ခါလိစ်ခါန်း–ဟာဂျီမ ဇူလေခါဘီ (AK ခါန်း ဂျုံဆိုင်)က ငွေကျပ်ခြောက်သိန်း၊ လှဝေနှင့်သားများ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဟာဂျီဦးလှဝေက ငွေကျပ် သုံးသိန်း၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမ)၊ ဟာဂျီဦးထွန်းမြင့်(နယူးပါဝါ)၊ ဟာဂျီစွလ်လူးဂျင်နဝါးလား(မောင်ထော်လေးလမ်း)၊ ဟာဂျီ ဦးမောင်မောင်ကြီး (MMG ဆောက်လုပ်ရေး)၊ Network Marketing Ltd. ဒါရိုက်တာ ဦးခင်မောင်အေး၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် ဟာဂျီဦးအောင်နိုင် (အာရှဝင်းနားကုမ္ပဏီ)တို့က ငွေကျပ်နှစ်သိန်းစီ၊ သန်းဗလာစာအုပ်နှင့်စာရေးကိရိယာ၊ ဟာဂျီ ဦးမြင့်အောင် (စတီးကုမ္ပဏီလီမိတက်)၊ ဟာဂျီဦးလှမြင့်(ရှာဟီးန်ကုမ္ပဏီလီမိတက်)၊ ဟာဂျီဦးမောင်မြ (BSC)၊ ဟာဂျီဦးသိန်းအောင် (အောင်ဆောက်လုပ်ရေး)၊ ဟာဂျီ Royal မြင့်စိုး(ကြွေပြားရောင်းဝယ်ရေး)၊ ဟာဂျီဦးခင်မောင်ဆွေ (ဗိုလ်ဆွန်ပက်လမ်း)၊ ဟာဂျီ ဦးဇော်ဝင်း (ယုဇနပလာဇာ)၊ ဦးတင်လှ (CAMEL Co., Ltd.)နှင့် ဟာဂျီဝလီ (ရန်ကုန်မက္ကာခရီးသွားလာရေး လုပ်ငန်း)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူငွေကျပ် ၅၇၃၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မွတ်စလင်(မ်) သက်ကြီးဂေဟာ ဥက္ကဋ္ဌ အလ်ဟာဂျ် မော်လနာဆွာလေ(ခ)ဦးစိုးသန်းနှင့်အဘွားသုခရိပ်သာ အတွင်းရေးမှူး ဟာဂျီဦးမြင့်နိုင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် ရေဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကိုကိုကျော်က ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မွတ်စလင်(မ်) သက်ကြီးဂေဟာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဟာဂျီဦးလှဝေက ကျေးဇူးတင်စကား ပြောကြားသည်။

မေတ္တာပို့သ

ထို့နောက် မွတ်စလင်(မ်)သက်ကြီးဂေဟာမှူး(၁) မော်လဝီ အန်ဝရ်ဟူစိန်(ခ) ဦးမြင့်သန်းက ဆုမွန်ဒိုအာတောင်း မေတ္တာပို့သပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

လှူဒါန်းမှု

မွတ်စလင်(မ်)သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆန် ၃၉အိတ်နှင့် ၁၅ပြည်၊ ဆီ၅၁ပိဿာနှင့်၅၀ကျပ်သား၊ ဆား ၈၅ ပိဿာ၊ သွားတိုက်ဆား ၁၇ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၂၂၀၊ ပဲ ၁၇ ပိဿာနှင့် အလှူငွေကျပ် ၅၇၃၇၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ်အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန် ဟူသော ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို သတ်မှတ်နေရာအသီးသီးတို့ဖြစ်သည့် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် သစ်တောသုတေသနဌာနတို့၌ ယမန်နေ့မှစတင်၍ ကျင်းပသည်။

ခေတ်ဟောင်း/ကာလပေါ် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ထိုသို့ကျင်းပရာတွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နေပြည်တော် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဌာန သင်တန်းခန်းမ၌လည်းကောင်း၊ အတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၊ စိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့၌လည်းကောင်းအသီးသီး ကျင်းပကြရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေး ကြသည်။

အဆိုပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ စတင်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် ညွှန်ကြားရေးမှူး တေးသံရှင် ဒေါ်တင်တင်မြ(အငြိမ်းစား)၊ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်(၁) ဒေါ်တင်မေသက် (ခ) ဒေါ်မေဘရဏီခိုင်၊ အဆိုအကဲဖြတ်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ခေတ်ဟောင်းကာလပေါ် ဝါသနာရှင်(ပထမတန်း) (အမျိုးသား) အဆိုပြိုင်ပွဲတွင် တေးသံရှင် မောင်မောင်ကြီး၏ **"တေးဘုမ္မာ"**သီချင်းဖြင့် ရှမ်းပြည်နယ်မှ ဦးစိုင်းညီမင်း၊ မန္တလေးတိုင်းမှ ဦးအောင်ကျော်ဆန်းနှင့် ဦးသက်နိုင်၊ ရန်ကုန်တိုင်းမှ ဦးဘိုတင် (ခ) ဦးကံ၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရခိုင်ပြည်နယ်မှ ဦးတင်လှိုင်ဦး၊ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ ကချင်ပြည်နယ်မှ ဦးဇော်မင်းထွန်း၊ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ တနင်္သာရီတိုင်းမှ ဦးဟန်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုးနှင့် မကွေးတိုင်းမှ ဦးမောင်မောင်သိန်းတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ထို့အတူ ခေတ်ဟောင်း/ကာလပေါ် အခြေခံပညာအဆင့်(၁၅-၂၀)နှစ် (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် **"ဇာတိနွယ်"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဥမ္မာမွန်နှင့် မစုပြည့်ဖြိုးမွန်၊ စစ်ကိုင်းတိုင်းမှ မဇင်မာငြိမ်း၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ဧရာဝတီတိုင်းမှ မအေးမဥ္ဇူမျိုး၊ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ မကွေးတိုင်းမှ မငြိမ်းအိဖြိုး၊ ကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ ပဲခူးတိုင်းမှ မဟေမန်စိုးမိုး၊ မွန်ပြည်နယ်မှ မလဲ့လဲ့ဝင်းမော်၊ ကယားပြည်နယ်မှ မချောစု၊ ချင်းပြည်နယ်မှ မစိန်စန်းနွမ်း၊ မန္တလေးတိုင်းမှ မပန်းအိနှင့် မနန္ဒာလင်းတို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

အက ပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အက ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အကပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် အကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ်၍ အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ဒေါ်ဝိုင်းဝိုင်းလည်၊ မန္တလေးတိုင်းမှ ဒေါ်ဇာနည်အောင်နှင့် ဒေါ်မီမီကျော်၊ ရန်ကုန်တိုင်းမှ ဒေါ်ဝါဝါလှိုင်နှင့် ဒေါ်ဆုဝတီ(ခ)ဒေါ်တင်မာဝင်းနှင့် မွန်ပြည်နယ်မှ ဒေါ်နီနီနိုင်တို့ ဝင်ရောက် ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းမှ ဦးဇော်မျိုးဝင်း(ခ)ထက်ကိုကို၊ ရန်ကုန်တိုင်းမှ ဦးနိုင်လင်း၊ မွန်ပြည်နယ်မှ မောင်မင်းခန့်၊မကွေးတိုင်းမှဦးကိုကိုနိုင်၊ မန္တလေးတိုင်းမှ ဦးမျိုးမင်းထွန်း၊ ရန်ကုန်တိုင်းမှ ဦးသန်းထွဋ်အောင်၊ ဧရာဝတီတိုင်းမှ ဦးအောင်စိုးမင်းနှင့် မန္တလေးတိုင်းမှ ဦးကျော်မင်းထွေး (ခ) ခွန်ကြယ်ဖြူတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ် အမှတ်ပေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးဇော်ဌေးနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် အမှတ်ပေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်း ပြိုင်ပွဲတွင် **"စစ်၍မှန်သော မျိုးချစ်စိတ်"** ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ ဦးဝင်းနွယ်၊ ကယားပြည်နယ်မှ ဦးရွှေထွန်း၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ချင်းပြည်နယ်မှ ဦးအောင်တင်၊ မွန်ပြည်နယ်မှ ဦးထွန်းအုပ်ကျော်၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း၊ မကွေးတိုင်းမှ ဦးမောင်မောင်သိန်း၊ မန္တလေးတိုင်းမှ ဦးသက်မြင့်လွင်နှင့် ဦးရဲထွန်းဝင်း၊ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်နှင့် ဒေါ်မူမူဆွေ၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်းပြိုင်ပွဲတွင် **"သတိနှင့်ယှဉ်အောင်ပွဲဆင်"** ခေါင်းစဉ်ဖြင့်ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ ကရင်ပြည်နယ်မှ ဦးမျိုးလင်းလင်း၊ ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်၊မွန်ပြည်နယ်မှဦးသိန်းစိုး၊ ရှမ်းပြည်နယ်မှဦးဟန်မျိုးအောင်၊စစ်ကိုင်းတိုင်းမှ ဦးသောင်းတန်၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊မကွေးတိုင်းမှဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်နှင့် ဦးငြိမ်းချမ်းအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုးနှင့် ဒေါ်ခင်ဝင်းဆွေ(ခ) မြကြာဖြူ၊ ဧရာဝတီတိုင်းမှ ဦးစိုးမြင့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်းပြိုင်ပွဲတွင် **"ပွင့်သောပန်းတိုင်းမွေးပါစေ"** ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ မောင်မြတ်မိုးပိုင်(ခ)ပိုင်ပိုင်၊ ကယားပြည်နယ်မှ မနန်းမိုမိုအောင်၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ မွန်ပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ မန္တလေးတိုင်းမှ မောင်လှသူနှင့် မောင်လင်းဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အတီးပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဆိုင်း (တစ်ဦးချင်း) အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်း ဦးဆောင်သော ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် အမှတ်ပေး အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြပြီး **"ဂန္ဓမာရိပ်သာ (ပတ်ပျိုး)"** သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်နှင့် ဦးရှိုင်းအောင်၊ ပဲခူးတိုင်းမှ ဦးကျော်ဇင်လတ်၊ ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်မင်း၊ ရှမ်းပြည်နယ်မှ ဦးကျော်ဝင်း၊ စစ်ကိုင်းတိုင်းမှ စတား(ခ) အောင်မျိုး၊ ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်၊ ရခိုင်ပြည်နယ်မှ ဦးမောင်စိုးသိန်း၊ မွန် ပြည်နယ်မှ မြန်မာပြည်မိုးလျှံ၊ တနင်္သာရီတိုင်းမှ မောင်မြတ်စိုး၊ မကွေးတိုင်းမှ ဦးအောင်ဆန်းနိုင်နှင့် ရန်ကုန်တိုင်းမှ ဦးအောင်သူဟိန်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား (တစ်ဦးချင်း) ဆိုင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ရွှေနန်းအောင်ချာ"** (ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်မျိုးသန့်၊ ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ(ခ)သိန်းသန်းစိုးနှင့် မောင်မျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ညီညီလွင်နှင့် မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဝါသနာရှင်အဆင့် (ပထမတန်း) အိုးစည်အတီးပြိုင်ပွဲကို နံနက်၉ နာရီတွင် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်နှင့် ဒိုးပတ်အတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော် ဦးဆောင်သည့် ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းမှ ဦးအောင်သူဟိန်းနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ချင်းတွင်း၊ စနေနှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလား(ခ) ကျော်ကျော်လင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်နှင့် အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ရဲသီဟ(ခ)သိန်းသန်းစိုးနှင့် အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ညွန့်အောင်နှင့် အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးကိုကိုနှင့် အဖွဲ့၊မွန်ပြည်နယ်မှ မောင်လင်းထက်အောင်နှင့် အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် (၅-၁၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီး အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးခင်လှနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေး ကြသည်။

အခြေခံပညာအဆင့် (၅-၁၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် **"ဝေဘာဂီရိ"**(ကြိုး)ဖြင့် မကွေးတိုင်းမှ မောင်လှမင်း၊ ကချင်ပြည်နယ်မှ မောင်အောင်မျိုးထွေး၊ မန္တလေးတိုင်းမှ မောင်ရဲသူရအောင်၊ မွန်ပြည်နယ်မှ မောင်ထင်လင်းထွေး၊ ဧရာဝတီတိုင်းမှ မောင်မင်းမင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးဇော်ဇော်၊ ပဲခူးတိုင်းမှ မောင်လှမျိုးကိုနှင့် ရန်ကုန်တိုင်းမှ မောင်စောပိုင်တို့က ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် (၁၀-၁၅)နှစ် (အမျိုးသမီး)ပတ္တလား အတီးပြိုင်ပွဲတွင် **"သည်ဆောင်းဟေမာန်"** (ဘွဲ့)ဖြင့် ဧရာဝတီတိုင်းမှ မဒေလီချစ်စုထွန်း၊ ပဲခူးတိုင်းမှ မရတနာဆုရှင်၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ မန္တလေးတိုင်းမှ မခိုင်ဆုဝေ၊ ရန်ကုန်တိုင်းမှ မမေသူဝင်း၊ ကချင်ပြည်နယ်မှ မစွဲ့နွယ်နွယ်ဝင်း၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ ရခိုင်ပြည်နယ်မှ မထက်ထက်ထွန်းနှင့် မန္တလေးတိုင်းမှ မအိန္ဒြာထွန်း ပါဝင်ယှဉ်ပြိုင်သည်။

စန္ဒရားအတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၁၀ နာရီတွင် သစ်တောသုတေသန ဌာန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရား အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် အကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးစန္ဒရား အတီးပြိုင်ပွဲတွင် **"နံ့သာနီတောင်"** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခင်စန်းလှိုင်နှင့် ဒေါ်အေးသီတာလှိုင်နှင့် ဧရာဝတီတိုင်းမှ ဒေါ်နှင်းအိဖြူတို့က ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ **"ထွေတလာ"** (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ကိုကိုအောင်၊ ရှမ်းပြည်နယ်မှ မောင်စိုင်းခေးလျှန်း၊ ပဲခူးတိုင်းမှ မောင်မျိုးထက်ပိုင်၊ ကချင်ပြည်နယ်မှ မောင်သန့်စင်၊ မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ စစ်ကိုင်းတိုင်းမှ မောင်အောင်ကျော်ဇော၊ မန္တလေးတိုင်းမှ မောင်စွမ်းထက်နှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့က ပြိုင်ပွဲဝင် ကြသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက်ဧနာရီတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ညောင်ရွှေမြို့မှ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် နမ့်ကပ်ချောင်း ဖောင်တော်ပြန်ဆိပ်၌ကျင်းပသော အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များ ကြိုဆိုပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ဆရာတော် သံဃာတော်များ ကြွရောက်ကြည့်ညိုကြသည့်အပြင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ စည်ကားစွာ ဖူးမြော်ကြည်ညိုကြပြီး ကမ္ဘာလှည့်ခရီးသည်များကလည်း စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အင်းလေးဖောင်တော်ဦး ဘုရားရုပ်ပွားတော်များ ညောင်ရွှေမြို့နယ် နမ့်ကပ်ချောင်း ဖောင်တော်ဦးဘုရားမြို့ဖောင်တော်ဆိုက် ပြာသာဒ်ဆောင်သို့ ကြွချီတော်မမူမီ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့အား ညောင်ရွှေယဉ်ကျေးမှုအဖွဲ့နှင့် ပြည်နယ် ယဉ်ကျေးမှုအဖွဲ့တို့က ဒေသရိုးရာ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အင်းလေးဒေသမှ ကြွချီတော်မူလာသည့် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များဆိုက်ရောက်လာမည့် ဖောင်တော်ဆိုက်ဆိပ် ပြာသာဒ်ဆောင်သို့ ရေယာဉ်များဖြင့် သွားရောက်ကြပြီး မဟာဦးသျှောင် ကရဝိက်ဖောင်တော်ဖြင့် ညောင်ရွှေမြို့သို့ ကြွချီတော်မူလာသော အင်းလေးဒေသမှ ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ကြိုဆိုဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လှိုင်ကြူ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမဟိန္ဒ အမှူးပြုသော ဆရာတော်များ၊ ပင့်ဆောင်ရေးအဖွဲ့များက ဦးဆောင်ပင့်ဆောင်လာသော ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ကရဝိက်ဖောင်တော်မှ ပင့်ဆောင်ရေးဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သည်။

ပင့်ဆောင်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့နှင့်အတူ ဘုရားရုပ်ပွားတော် တစ်ဆူကို ပင့်ဆောင်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလေးဖောင်တော်ဦးဘုရားရုပ်ပွားတော်များအား မျက်ပါးရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ကြည့်ရှုအားပေးချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်ဖေတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကိုပင့်ဆောင်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွှန့်ဝင်းတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သည်။

ထို့နောက် အင်းလေးဒေသမှ ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ပင့်ဆောင်ရေးဘော်ယာဉ်ဖြင့် ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီကျောင်းတော်ကြီးသို့ ဆက်လက်ပင့်ဆောင်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖောင်တော်ပြန်ဆိပ်သို့ ပြန်လည်သွားရောက်ပြီး အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို တက်ရောက်ကြည့်ရှု အားပေးချီးမြှင့်သည်။

အင်းသားရိုးရာ အမျိုးသား၊ အမျိုးသမီးလှေပြိုင်ပွဲတွင် အမျိုးသားရာကျော်လှေပြိုင်ပွဲ အမျိုးသား (၄၆)တက် လှေပြိုင်ပွဲ၊ အမျိုးသမီး (၂၆)တက် လှေပြိုင်ပွဲများနှင့် အင်းသားရိုးရာ အလှပြလှေ၊ ဆွမ်းပို့လှေ သရုပ်ပြလှော်ခတ်ပွဲများ ပါဝင်ကြသည်။

ထို့နောက်လှေပြိုင်ပွဲဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွှန့်က ရွှေနီကုန်း ဆွမ်းပို့လှေအဖွဲ့များအားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဇနီး ဒေါ်အေးအေးက ယဉ်ကျေးမှုအဖွဲ့အား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်းရီက အင်းပေါခုံလှေယဉ် အဖွဲ့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အမျိုးသား (၄၆)တက် လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ကေလာကျေးရွာအသင်းအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမျိုးသား (၄၆)တက် လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ရေသာ ကျေးရွာအသင်းအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း အမျိုးသမီး (၂၆)တက် လှေပြိုင်ပွဲတွင် ဒုတိယဆုရ မိုင်းသောက်ကျေးရွာအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမျိုးသားရာကျော် လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ သပြေကျေးရွာ အသင်းနှင့် ရေသာကျေးရွာ အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မဟိန္ဒနှင့် ရှမ်းပြည်နယ် သံဃနာယက (ရွှေကျင်) ဥက္ကဋ္ဌ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မဝရတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များသည် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွား

ကြွရောက်တော်မူ

ယင်းဆက်ကပ်လှူဒါန်းပွဲ အခမ်း အနားသို့ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သာသနဝိပုလ ရွှေဂူ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တ ဝိလာသာဘိဝံသ၊ နိုင်ငံတော်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင် များသည် ညောင်ရွှေမြို့ရှိ လှိုင်ကြူ ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မဟိန္ဒ အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းက အမျိုးသမီး (၂၆)တက်လှေပြိုင်ပွဲတွင် ဒုတိယဆုရ မိုင်းသောက်ကျေးရွာ အသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီး ကျေးရွာ အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သည် အမျိုးသား (၄၆)တက်လှေပြိုင်ပွဲ တွင် ဒုတိယဆုရ ဝမ်းဘဲအင်းကျေးရွာ အသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီး ကျေးရွာအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အမျိုးသား ရာကျော် လှေပြိုင်ပွဲတွင် ဒုတိယဆုရ အိုင်ထောင့် ကြီးကျေးရွာအသင်းနှင့် ပထမဆုရ မိုင်းသောက်ကျေးရွာ အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင် လှေအသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ရှိ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်သို့ သွားရောက်ကြပြီး ညောင်ရွှေမြို့၌ သုံးရက်တိုင် ကိန်းဝပ် စံပယ်အပူဇော်ခံမည့် အင်းလေးဖောင် တော်ဦးဘုရား ရုပ်ပွားတော်များအား စောင့်မျှော် ဖူးမြော် ကြည်ညိုကြသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ လှိုင်ကြူ တော်များအား ဆွမ်း၊ ပန်းနှင့် ဆီမီး တို့ကို လှူဒါန်းတော်မူကြပြီး မျက်ပါး ရွှေသင်္ကန်းများကိုလည်း ဆက်ကပ် လှူဒါန်းတော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ သည် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဆွမ်း၊ ပန်းနှင့် ဆီမီးများဖြင့် ဆက်ကပ်လှူဒါန်းကြ သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့သည် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လိုက်ပါလာကြ သော အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ သည် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား မျက်ပါး ရွှေ သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဘုရားဖူးလာကြသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ ဝင်များသည် ညောင်ရွှေမြို့ သာသန ဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ညောင်ရွှေမြို့ရှိ ပရိယတ္တိ စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေဘုံသာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသနှင့် ရှမ်းပြည်နယ် သံဃနာယက(ရွှေကျင်) ဥက္ကဋ္ဌ ကန်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မဝရတို့ အမှူးပြု တော်မူကြသော ညောင်ရွှေမြို့ရှိ ပရိယတ္တိ စာသင်တိုက်ကြီးများမှ ဆရာ တော် သံဃာတော်များ ကြွရောက်တော် မူကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေဘုံသာကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ် တို့က ငါးပါးသီလ ခံယူဆောက်တည် ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်ဩဝါဒါစရိယ သာသန ဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်အား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ ဝင်များသည် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မိုင်းသောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသ ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ ဝင်များသည် ညောင်ရွှေမြို့မှ ရဟတ် ယာဉ်များဖြင့် ထွက်ခွာကြရာ မွန်းလွဲ ပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိ ကြသည်။

ထို့နောက် တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ တော်ကြီး၌ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဆန္ဒာဓိက ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို သည်။

ပရိတ်တရားတော်နာယူ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အမှူးပြုသော ပရိသတ် တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် တော်မူကြသော ပရိတ်တရားတော် များကို နာယူကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးတို့သည် ဆရာ တော်ကြီးများအား သင်္ကန်းအစရှိသော ပရိက္ခရာလှူဖွယ်ဝတ္ထုများနှင့် ဆေးဝါး ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

အမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များနှင့် ဝန်ကြီးများက ကြွရောက်တော် မူလာကြသော ဆရာတော် သံဃာ တော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဆရာ တော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော်ကြီးအား လိုအပ်သည်များကို မေးမြန်းလျှောက် ထားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် နေပြည် တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံတော်ကြီး၌ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဆန္ဒာဓိကဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ပထမဆုရ မိုင်းသောက်ကျေးရွာအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မူးယစ်ကြီးကြပ်ရေးမှူး(ဆင့်ပွား)သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ မူးယစ်ကြီးကြပ်ရေးမှူး(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ဖနာရီက ဗိုလ်တထောင်မြို့နယ် YMCA ခန်းမဆောင်သစ်တွင် ဖွင့်လှစ်ရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင့်လွင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်ကြား

သင်တန်းတွင် မူးယစ်ဆေးဖြတ် ပြီးသူ လူငယ်များအား ရပ်ရွာအခြေပြု ပြည်သူလူထုအတွင်း ပြန်လည်ထူ ထောင်ရေးလုပ်ငန်းများ၊ စေတနာ့ဝန် ထမ်း မူးယစ်ကြီးကြပ်ရေးမှူး တစ်ဦး၏ အခြေခံသဘောတရားများ၊ မူးယစ်ဆေး ဝါးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ မူယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် အန္တရာယ်လျှော့ချရေးနည်းလမ်းများ၊ အေအိုင်ဒီအက်စ်ရောဂါနှင့် ဆက်နွှယ် သည့် ပြဿနာများစသည့် ဘာသာ ရပ်များကို ပို့ချမည်ဖြစ်ကြောင်း သိရ သည်။

(က-ပ)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ကိုယ်စားပြု မောင်အောင်ကိုဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု မောင်အောင်ကိုဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအနုပညာကို မြတ်နိုးလေးစားကြသော ပြည်သူများလာရောက်ကြည့်ရှုအားပေးကြသည်။

မြိုင်မြိုင်ဆိုင်ဆိုင်

ရန်ကုန်တိုင်း ကိုယ်စားပြု မောင်အောင်ကိုဝင်းနှင့် အဖွဲ့က သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို ယှဉ်ပြိုင်ကပြတင်ဆက်ရာတွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဦးဂမုန်း၊ သုဝဏ္ဏသာမအဖြစ် မောင်အောင်ကိုဝင်း၊ ဒုကုလအဖြစ် ရတနာနန်းအောင်၊ ပါရိကာအဖြစ် ရွှေကူးတင်၊ ပီဠိယက္ခအဖြစ် ရွှေမန်းမောင်ကံ၊ ဗဟုသုန္ဒြီနတ်သမီးအဖြစ် မသန္တာလင်း၊ သိကြားမင်းအဖြစ် ဦးဝေလာနှင့် ဝိသုကြုံနတ်သားအဖြစ် ဦးသန်းထွဋ်အောင်တို့က ပါဝင်သရုပ်ဆောင်ကြကာ ဝိုင်းတော်တီး ရှာစားဟိန်းရာဇာ (ခ) မျိုးဟိန်းဦး ဆိုင်းဝိုင်းနှင့် တွဲဖက်လျက် ဘုရားရှိခိုးခန်း၊ အပျိုတော်ခန်း၊ ဝိသုကြုံ ကျောင်းသင်္ခမ်းဆောက်ခန်း၊ နှစ်ပါးသွား၊ ဒုကုလ–ပါရိကာတို့ ကျောင်းသင်္ခမ်းရောက်ခန်း၊ သိကြားမင်း သန္ဓေပေး၍ သုဝဏ္ဏသာမ မွေးဖွားခဲ့ပုံရှင်းခန်း၊ သုဝဏ္ဏသာမအား ကိန္နရီတို့ ပြုစုခန်း၊ သုဝဏ္ဏသာမအား ကျောင်းသင်္ခမ်း၌ထား၍ မိဘများ သစ်သီးရှာထွက်ခန်း စသည်ဖြင့် ကဏ္ဍစုံလင်စွာ မြိုင်မြိုင်ဆိုင်ဆိုင်ကပြဖျော်ဖြေတင်ဆက် ယှဉ်ပြိုင်သွားကြသည်။

ဖျော်ဖြေ

အောက်တိုဘာ ၁၉ ရက်တွင် ရန်ကုန်တိုင်း ကိုယ်စားပြု မောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ကပြဖျော်ဖြေတင်ဆက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ပြန်လည်စေလွှတ်

ထိုသို့ စိစစ်ပြန်လည်စေလွှတ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၈ရက်အထိ ရန်ကုန်မြို့တွင် ခေါ်ယူစစ်ဆေးမေးမြန်းခံရသူပေါင်း ၂၂၈၄ဦးရှိပြီး စိစစ်၍ ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ပြီးသူပေါင်းမှာ ၂၁၄၇ဦး ဖြစ်သည့်အတွက် ကျန်ရှိနေသူ ၁၃၇ဦးဖြစ်ကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၈ရက်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ခေါ်ယူစစ်ဆေးမေးမြန်းခံရသူပေါင်း ၆၄၃ဦးရှိပြီး စိစစ်၍ ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ပြီးသူပေါင်းမှာ ၄၀၃ ဦး ဖြစ်သည့်အတွက် ကျန်ရှိနေသူ ၂၄၀ဦးဖြစ်ကြောင်း သိရသည်။

မေးမြန်းစိစစ်

အဆိုပါ ကျန်ရှိနေသူများအားလည်း ဆက်လက်စစ်ဆေးမေးမြန်းစိစစ်၍ လွှတ်သင့်သူများကို ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန် လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၈

လှည်းကူးမြို့မှ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့် စေတီတော်ကြီး တည်ရှိရာကုန်းမြေအရောက် လမ်းဘေးဝဲယာတွင် အရိပ်ရပင်၊ သီးပင်၊ စားပင်၊ ပန်းပင်များကို အောက်တိုဘာ၁၂ရက်က တပျော်တပါး စိုက်ပျိုးကြရာ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူနှင့်တာဝန်ရှိပုဂ္ဂိုလ်များက လာရောက်ကြည့်ရှုအားပေးကြသည်။ နှစ်မိုင်ရှိသော မြေသားလမ်းကို ဂဝံကျောက်ခင်းလျက်ရှိရာ ဒေါ်အေးမွန်စိုး မွေးနေ့အလှူ ရန်ကုန်မြို့က ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း၊ ဦးတင်မြင့်–ဒေါ်ကြည်ကြည်ဝင်း မှန်ကုန်းလှည်းကူးက ငွေကျပ် ၁၀၀၀၀၀ကိုလည်းကောင်း၊ ဦးစံထူး–ဒေါ်ခင်ငွေးရီ မေဃဝတီ လှည်းကူးက ငွေကျပ် ၂၀၀၀၀၀ကိုလည်းကောင်း၊ ဦးငွေးလွင်–ဒေါ်စန်းစန်းထွေး မေဃဝတီ လှည်းကူးက ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ မီးစက်တစ်လုံးကိုလည်းကောင်း ပဓာနနာယကဆရာတော်ထံ လာရောက်လှူဒါန်းကြသည်။လှူဒါန်းလိုသူများသည် ဦးအံ့ကူ ဖုန်း–၀၉–၅၀၀–၁၀၈၀၊ အန်တီစန်း ဖုန်း– ၆၂၉၇၇၆၊ ၆၂၉၉၃၄၊ ဦးမြဝိတ် ဖုန်း–၆၂၉၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဦးတည်ချက်မှန်–ရိုးရာဟန်

* မြန်မာ့ဂီတနဲ့ မြန်မာ့အကဟာ
မြန်မာ့ရိုးရာ အနုပညာ၊
ပြည်ထောင်စုစိတ်ဓာတ်ရင်မှာမွေး
မျိုးချစ်စိတ်နှင့် ဇာတိသွေး
ထက်မြက်မြင့်မားရှင်သန်ရေး။

* အမျိုးဂုဏ်နှင့် ဇာတိဂုဏ်
ယဉ်ကျေးမှုအမွေအနှစ်အဖုံဖုံ၊
အစုံအလင် ရှုမြင်ရ
ကကြဆိုကြ တီးမှုတ်ကြ
ရေးကြသီကြသုခုမ။

* ဒို့နိုင်ငံနဲ့ ဒို့ဘာသာ
ဒို့အမျိုးနဲ့ ဒို့သာသနာ၊
ရိုးရာယဉ်ကျေးမှုထွန်းကားရေး
လူငယ်ထုစိတ်ဓာတ်မြင့်မားရေး
တိုင်းတစ်ပါးယဉ်ကျေးမှု တားဆီးပေး။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဉ်	ပြည်နယ်တိုင်း	ယှဉ်ပြိုင်ရမည့်တိုင်း
၁။	၂၀–၁၀–၂၀၀၇	မန္တလေးတိုင်းရုပ်စုံအဖွဲ့
၂။	၂၂–၁၀–၂၀၀၇	ဧရာဝတီတိုင်းရုပ်စုံအဖွဲ့
၃။	၂၄–၁၀–၂၀၀၇	ရန်ကုန်တိုင်းတော်ဝင်ရုပ်စုံအဖွဲ့
၄။	၂၇–၁၀–၂၀၀၇	စစ်ကိုင်းတိုင်းရုပ်စုံအဖွဲ့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သုဝဏ္ဏသာမဇာတ်တော်ကြီး

စဉ်	ပြည်နယ်တိုင်း	ယှဉ်ပြိုင်ရမည့်တိုင်း
၁။	၁၉–၁၀–၂၀၀၇	ရန်ကုန်တိုင်းမောင်ဉာဏ်ဝင်းနှင့်အဖွဲ့
၂။	၂၀–၁၀–၂၀၀၇	ဧရာဝတီတိုင်း
၃။	၂၁–၁၀–၂၀၀၇	မန္တလေးတိုင်း
၄။	၂၂–၁၀–၂၀၀၇	စစ်ကိုင်းတိုင်း

သန်လျင်ဖားအောက်တောရရိပ်သာ ဘုံကထိန်အလှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာ (သန်လျင်)၏ ဒသမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် သီရိခေမာမွေ့သာလဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ တက်ရောက်လှူဒါန်းနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

(၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

စဉ်	ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
	၁၉–၁၀–၂၀၀၇	ခေတ်ဟောင်း/	အခြေခံ(၁၀–၁၅)(ကျား)	၀၉း၀၀	စိုက်ပျိုးရေးတက္ကသိုလ်
	(သောကြာနေ့)	ကာလပေါ်	ဝါသနာရှင်(ဒု)(မ)	၁၃း၀၀	(စုဝေးခန်းမ)
		အက	အခြေခံ(၁၀–၁၅)(မ)	၀၉း၀၀	မွေးမြူရေးဆိုင်ရာဆေး
		ဇာတ်သဘင်	**သုဝဏ္ဏသာမဇာတ်တော်ကြီး ရန်ကုန်တိုင်းမောင်ဉာဏ်ဝင်းနှင့်အဖွဲ့**	၁၉း၀၀	တက္ကသိုလ်(ဘွဲ့နှင်း)
		အရေး(သီချင်းတိုက်လေ့ကျင့်)	ဝါသနာရှင်(ပ)	၀၉း၀၀	စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ)
		စန္ဒရား	ဝါသနာရှင်(ပ)(မ)	၀၉း၀၀	သစ်တောသုတေသန
			အခြေခံ(၁၀–၁၅)(ကျား)	၁၃း၀၀	(စုဝေးခန်းမ)
		ဂီတာ	ဝါသနာရှင်(ဒု)(ကျား)(မ)	၀၉း၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အဆင့်မြင့်(ကျား)	၁၃း၀၀	(စာသင်ခန်းမ)
			အခြေခံ(၁၀–၁၅)(ကျား)(မ)		။
		အိုးစည်	ဝါသနာရှင်(ဒု)	၀၉း၀၀	စိုက်ပျိုးရေးသုတေသန
			အခြေခံ(၅–၁၀)	၁၃း၀၀	(စုဝေးခန်းမ)
		ဆိုင်း(တစ်ဦးချင်း)	အခြေခံ (၁၅–၂၀)(ကျား)	၀၉း၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အခြေခံ(၅–၁၀)(ကျား)	၁၃း၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)

အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် အောက်တိုဘာ ၁၈

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက် ညနေ ၃ နာရီတွင် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ပဲဒဲကောကျေးရွာအုပ်စု ကျောက်မော်ဘုရားရွာနေ ဦးဖားပုဟဲ၏သား ဦးဘိုတဟဲ အသက် (၅၈)နှစ်နှင့် ၎င်း၏သားဖြစ်သူ စောဟန်ကျော်ထွန်း အသက်(၂၃)နှစ်တို့သည် တောတွင်းသို့ သွားရောက်၍ ကျွဲပျောက်ရှာနေစဉ် ကြိုးပင်တောင်အနီးသို့အရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ဦးဘိုတဟဲ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်မှပြတ်ကာ ညာဘက်ဒူးနှင့် ညာဘက်ပေါင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

မိုင်းထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးဘိုတဟဲအား တာဝန်ရှိသူများက ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သော ဆေးဝါးကုသမှုပေးရန် သယ်ဆောင်လာစဉ် ဘုရားကြီးရွာသို့ အရောက်တွင် ရရှိသောဒဏ်ရာမှ သွေးထွက်လွန် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲပန်းပုရုပ်တုပွဲတော်

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဲပန်းပုရုပ်တုပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်ကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဗင်ဇွဲလားနှင့် တောင်အာဖရိကကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မည်

လူဆာကာ အောက်တိုဘာ ၁၈

ဗင်ဇွဲလားနှင့် တောင်အာဖရိက နှစ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုကိုမကြာမီကာလအတွင်းတွင်လက်မှတ်ရေးထိုးနိုင်တော့မည် ဖြစ်ကြောင်း ဒေးလီးမာလီသတင်းစာက အောက်တိုဘာ ၁၄ ရက်၌ ရေးသားဖော်ပြသည်။

ဖော်ပြ

နှစ်နိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗင်ဇွဲလားနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိသည့် တောင်အာဖရိက ရင်းနှီးမြှုပ်နှံသူများအတွက် ပြုလုပ်သည့် ဗင်ဇွဲလားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲတွင် စီးပွားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချီလီပါမူရီ၏ ပြောကြားချက်ကို ဒေးလီးမာလီသတင်းစာက ကိုးကားဖော်ပြသည်။

တိုက်တွန်း

တောင်အာဖရိကမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဗင်ဇွဲလားနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ချီလီပါမူရီက အဆိုပါအစည်းအဝေးတွင် တိုက်တွန်းအကြံပြုလိုက်သည်။

ပြောကြား

တောင်အာဖရိကနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဗင်ဇွဲလားနိုင်ငံအတွင်းရှိ သာမန်ပြည်သူများအတွက် အထောက်အကူဖြစ်စေမည့် စီးပွားရေးလုပ်ငန်းများကို စိတ်ဝင်စားလျက်ရှိကြောင်း တောင်အာဖရိက ကုန်သွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒီနန်ကန်နန်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဂိုလာနိုင်ငံ ကမ်းရိုးတန်းဒေသ၌ ကာလဝမ်းရောဂါဖြစ်ပွား

လူအန်ဒါ အောက်တိုဘာ ၁၈

အင်ဂိုလာနိုင်ငံ ကာဝမ်ဇာဆူလာပြည်နယ် ဝါခ်ကိုချန်ဂိုကမ်းရိုးတန်းဒေသ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၁၀ဦး သေဆုံးခဲ့ကြောင်း အင်ဂိုလာနယူးစ်အေဂျင်စီသတင်းဌာနက အောက်တိုဘာ ၁၅ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်း ကာလဝမ်းရောဂါသည် ကူးစက်ပျံ့နှံ့မှုအန္တရာယ်ရှိသဖြင့် ဒေသတွင်းရှိ အိမ်ဝန်းကျင်များ၌ ထုံးဖြူးပေးထားရန် ပြည်နယ်ကျန်းမာရေးရုံးမှ ပြောကြားသည်။

မြို့ဒေသများ၌ ကာလဝမ်းရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား ဟောပြောပို့ချခြင်း၊ နည်းပညာများပေးခြင်းတို့ကို ဒေသအာဏာပိုင်အဖွဲ့က ဆောင်ရွက်သည်။

၂၀၀၆ ခုနှစ် အင်ဂိုလာနိုင်ငံအတွင်း ရေလွှမ်းမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အိမ်ခြေ ၂၁၀၀ကျော် ရေဘေးဒုက္ခခံစားရပြီး ပြည်သူ ၅၃၅၀၀ ကျော် ကာလဝမ်းရောဂါ ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဖဂန်၌ တိုက်ပွဲဖြစ်ပွား ဒိန်းမတ်အရာရှိတစ်ဦးသေဆုံး

ကိုပေဟေဂင် အောက်တိုဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်းပြည်နယ်တွင် အောက်တိုဘာ ၁၅ရက်က တာလီဘန် လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွားရာ ဒိန်းမတ်စစ်ဘက်အကြီးအကဲတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရပြီးနောက် သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံးခဲ့

မိုင်းထိမှန်ထားသော ၎င်းတို့၏ သံချပ်ကာကားကို ပြန်ရယူစဉ် မော်တာနှင့် လောင်ချာဗုံးတို့၏ပစ်မှတ် အတွင်း ကျရောက်ကာ ၎င်းဗိုလ်ကြီးတစ်ဦး ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ၎င်းအား ဒိန်းမတ်သို့မပို့ဆောင်နိုင်မီ စစ်မြေပြင်ဆေးရုံ၌ပင် သေဆုံးခဲ့သည်။

စီစဉ်ထား

ယခုလတွင် ဒိန်းမတ်နိုင်ငံသည် အာဖဂန်နစ္စတန်၌ ၎င်း၏တပ်ဖွဲ့ဝင် ၄၀၀ ရှိနေရာမှ ၅၁၀ သို့ တိုးမြှင့်ချထားရန် စီစဉ်ထားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပြန့်ကျဲနေသော အပန်းဖြေစခန်းများကို ပေါင်းစည်း၍ တရုတ်၌ ကမ္ဘာ့အကြီးဆုံးအမျိုးသားဥယျာဉ် တည်ဆောက်မည်

အူရမ်ကီ အောက်တိုဘာ ၁၈

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျင်းယွီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြန့်ကျဲနေသော အပန်းဖြေစခန်းများကို ပေါင်းစည်း၍ ကမ္ဘာပေါ်တွင်အကြီးဆုံး အမျိုးသားဥယျာဉ်ကြီးတစ်ခုကို တည်ဆောက်ရန်စီစဉ်လျက်ရှိကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

ယခုအချိန်တွင် စတုရန်း ကီလိုမီတာ ၁၀၀၀ ခန့်ကျယ်ဝန်းသည့် ကင်းနက်စ် သဘာဝအမျိုးသားဥယျာဉ်ကို အနီးဝန်းကျင်ရှိ ကမ္ဘာလှည့် ခရီးသွားများ လည်ပတ်ရာဒေသများ၊ မြက်ခင်းပြင်များနှင့် ပေါင်းစည်း တည်ဆောက်လိုက်ပါက လာမည့်နှစ်အနည်းငယ်တွင် ယခုထက် ၁၀ ဆ ကြီးမားကျယ်ပြန့်လာမည်ဖြစ်ကြောင်း ကင်းနက်စ် သဘာဝအမျိုးသားဥယျာဉ် စီမံခန့်ခွဲမှု အာဏာပိုင်များက ပြောကြားသည်။

အစားထိုးနေရာယူနိုင်

ထိုသို့တိုးချဲ့မှုများပြီးပါက လက်ရှိ ကမ္ဘာ့အကြီးဆုံးအမျိုးသား သဘာဝဥယျာဉ်တစ်ခုဖြစ်သည့် အမေရိကန်ရှိ စတုရန်းကီလိုမီတာ ၉၀၀၀ ကျယ်ဝန်းသည့် ရဲလ်လိုးစတုန်း အမျိုးသားသဘာဝဥယျာဉ်နေရာကို အစားထိုးနေရာယူနိုင်မည်ဟု မျှော်မှန်းထားသည်။

ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် ဒေသတွင်း အပန်းဖြေစခန်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၆ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။

လာရောက်လည်ပတ်

ကင်းနက်စ် သဘာဝအမျိုးသားဥယျာဉ်မှာ စင်ကျင်းအီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် အူရမ်ကီ၏ မြောက်ဘက် ကီလိုမီတာ ၁၀၀၀အကွာတွင် တည်ရှိပြီး ကင်းနက်စ်ရေကန်၊ နှင်းများဖုံးလွှမ်းနေသော တောင်တန်းများ၊ မြက်ခင်းပြင်များ စသည့် တောတောင်ရေမြေ သဘာဝရှုခင်းများနှင့် သာယာလှပလျက်ရှိရာ ယခုနှစ် ပထမ ၁၀လအတွင်း ကမ္ဘာလှည့် ခရီးသွားဧည့်သည် ၉၁၇၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ် တောင်ဘက် ကီလိုမီတာ၂၀ခန့်အကွာတွင် အောက်တိုဘာ ၁၈ရက်က ရုရှား ကုန်တင်လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦး အပါအဝင် လေယာဉ်အမှုထမ်း ငါးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (အပေါ်ပုံ)

- *ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကမ်းလွန်တွင် အောက်တိုဘာ ၁၈ရက်က အလွန်ထူးခြားပြီး သေးငယ်သောငါးတစ်ကောင်ကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါငါးသည် တစ်စင်တီမီတာခန့်သာ ရှည်ပြီး ခန္ဓာကိုယ်မှာ သေတ္တာတစ်ခု၏ ပုံသဏ္ဌာန်ကဲ့သို့ဖြစ်နေကာ အလွန်နူးညံ့သော အသားအရေရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသများတွင် အောက်တိုဘာ ၁၈ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ လူတစ်ဦး သေဆုံးကာ သုံးဦးပျောက်ဆုံးနေကြောင်း၊ နေအိမ်အများအပြားပျက်စီးကာ လူရာပေါင်းများစွာအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *အမေရိကန်နိုင်ငံ မီချီဂန်မြို့ရှိ ငါးလုပ်ငန်းစက်ရုံတစ်ခုတွင် အောက်တိုဘာ ၁၈ရက်က ဟိုက်ဒရိုကလိုရစ်အက်စစ်များ ယိုစိမ့်ထွက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် စက်ရုံဝင်းရှိ လူ၃၀၁၀ခန့်အားအရေးပေါ် နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **ဩစတြေးလျနိုင်ငံအရှေ့ပိုင်း နာမည်ကြီးအပန်းဖြေကမ်းခြေဖြစ်သည့် "ဖြတ်သန်းခြင်း" ဟုအမည်ပေးထားသော ကမ်းခြေတွင်အောက်တိုဘာ ၁၈ရက်က အရှည်ရှစ်ပေရှိသည့် ငါးမန်းတစ်ကောင်တိုက်ခိုက်ခြင်းကြောင့် အမျိုးသမီးတစ်ဦး လက်မောင်းနှင့်ခြေထောက်တို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါအမျိုးသမီးက ပြန်လည်တိုက်ခိုက်ခြင်းကြောင့် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ရခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *တူနီးရှားနိုင်ငံ တူးနစ်မြို့ အရှေ့မြောက်ပိုင်း ဆတ်ဘလက်ကျေးရွာတွင် အောက်တိုဘာ ၁၈ ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ၁၃ ဦးသေဆုံးကာ လေးဦးပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မူးယစ်မောင်းနှင်လာသော ယာဉ်မောင်းတစ်ဦးကြောင့် အောက်တိုဘာ ၁၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ပီရူးနိုင်ငံ လီမာမြို့အနီး အဝေးပြေးလမ်းမတစ်ခုပေါ်တွင် အောက်တိုဘာ ၁၈ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးမတော်တဆဖြစ်ရပ်ကြောင့် တိမ်းမှောက်ခဲ့ရာ ၂၂ ဦးသေဆုံးပြီး ၃၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* **(အောက်ပုံ)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြင်ကွင်းနှင့် ပြိုင်ပွဲဝင်တို့၏ ရင်ဖွင့်သံများ

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

၂၀၀၇ခုနှစ် အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီက နေပြည်တော်ရှိ မြို့တော်ခန်းမကြီး၏ ရှေ့မျက်နှာစာဝင်းအတွင်း ပရိသတ်များ ပြည့်လျှံနေသည်။ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးမှ (၁၅) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အသင်းအုပ်ချုပ်သူများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့်နေပြည်တော်ပျဉ်းမနားခရိုင်မှ ပြည်သူများက သတ်မှတ်ထားသည့် နေရာများတွင် နေရာယူလျက် ရှိနေကြသည်။

အားလုံး တော်ကြ

ပြိုင်ပွဲဝင်တွေ အားလုံး တော်ကြတဲ့ သူတွေချည်းပါပဲ။

ဦးမင်းနောင်
(အဆိုအကဲဖြတ်ဒိုင်)

ပန်းချီကားတစ်ချပ်

ကျယ်ဝန်းလှပသော နေပြည်တော် မြို့တော်ခန်းမရှေ့ မျက်နှာစာတွင် ရိုးရာ တိုင်းရင်းသားဝတ်စုံအပြည့် ဝတ်ဆင်ထားသော ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကို မောင်နှမ များအား တစုတဝေးတည်း မြင်တွေ့ရသည်မှာ ရောင်စုံခြယ်သလက်စွမ်းပြထားသော ပန်းချီကား တစ်ချပ်ကို တွေ့မြင်ခံစားရသကဲ့သို့ ရှိသည်။

နံနက် ၇ နာရီခွဲခန့်တွင် (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နာယကအဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ် ခင်အောင်မြင့်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အမှာစကားမြွက်ကြား

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များက မြို့တော်ခန်းမအတွင်းသို့ နေရာယူကာ ပြိုင်ပွဲကျင်းပရေးနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကား မြွက်ကြားသည်။

ကျယ်ဝန်းပြီး လေအေးစက်တပ်ဆင်ထားသော မြို့တော်ခန်းမကြီးမှာ ဧည့်ပရိသတ်ထောင်ပေါင်းများစွာကို သက်သာစွာ နေထိုင်နိုင်အောင် ကျယ်ဝန်းလှသည်။

ထို့နောက် ဂီတလုလင် ဦးကိုကိုရေးစပ်သီကုံးသော ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းအား အနုပညာရှင်များက သီဆိုတင်ဆက် ကပြပြီးနောက် ဖွင့်ပွဲအခမ်းအနား ပြီးဆုံးသွားသည်။

အကြိတ်အနယ်

ထို့နောက် နေပြည်တော်ရှိ ရေဆင်းတွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ဖွင့်ပွဲနေ့အဖြစ် ဆက်လက်ကျင်းပသည်။ စိုက်ပျိုးရေး တက္ကသိုလ် (စုဝေးခန်းမ) အပြင်ဘက်တွင် အဆိုပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသော ချင်းပြည်နယ်မှ အဆိုပြိုင်ပွဲဝင်များ၊ ရခိုင်ပြည်နယ်မှ အဆိုပြိုင်ပွဲဝင်များနှင့် အခြား ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြိုင်ပွဲဝင်များ အကြိတ်အနယ် လေ့ကျင့်နေကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့တွင် ဤသို့ကျင်းပခဲ့သည်။

ပြိုင်ပွဲခန်းမအတွင်း အဆို အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးနေသော ဦးမင်းနောင်နှင့် တွေ့ဆုံကာ အကဲဖြတ် အမှတ်ပေးမှုအပေါ် မေးမြန်းခဲ့ရာ **“ပြိုင်ပွဲဝင်တွေ အားလုံး တော်ကြတဲ့ သူတွေချည်းပါပဲ။ ဒါကြောင့် သူတို့တစ်တွေ အမှားနည်းလား၊ များလား ဒါကိုကြည့်ပြီး အမှတ်ပေးတယ်။ ကိုယ့်အသံနဲ့ လိုက်ဖက်တဲ့ သီချင်း မဲပေါက်ရင်တော့ သူတို့တွေအတွက် တစ်ပန်းသာတာပေါ့။ အခုလို ရိုးရာ ယဉ်ကျေးမှုကို ဖော်ထုတ်တဲ့ ပြိုင်ပွဲဟာ အထိရောက်ဆုံးပါပဲ”**ဟု ဖြေကြားခဲ့သည်။

ကိုယ်ပိုင်ဟန်

ကိုယ်ပိုင်ဟန်နဲ့ သီဆိုတဲ့ကလေးတွေ အများကြီး ပေါ်ထွက်လာလို့ အနာဂတ် မြန်မာ သံစဉ်တေးတွေနဲ့ ပတ်သက်ပြီး စိတ်အေးမှု ဖြစ်ရပါတယ်။

ဒေါ်တင်တင်မြ
(အဆိုအကဲဖြတ်ဒိုင်)

တိုးတက်လာ

တစ်ဖန် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြအား ဆက်လက်မေးမြန်းရာ **“အဆို အကဲဖြတ်ဒိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တာ (၁၄)ကြိမ် ရှိပြီ၊ ပြိုင်ပွဲဝင်တွေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသလို အရည်အချင်းလဲ မြင့်လာတာ တွေ့ရတယ်။ နောက်ပြီး ကိုယ်ပိုင်ဟန်နဲ့ သီဆိုတဲ့ ကလေးတွေ အများကြီး ပေါ်ထွက်လာလို့ အနာဂတ် မြန်မာသံစဉ်တေးတွေနဲ့ ပတ်သက်ပြီး စိတ်အေးမှု ဖြစ်ရပါတယ်”**ဟု ဖြေကြားသွားသည်။

ဟားခါးက လာရောက်ယှဉ်ပြိုင်တာပါ။ အခုအကြိမ်နဲ့ဆို သုံးကြိမ်ရှိပါပြီ။

မစိန်စန်းနွမ်း
(ချင်းပြည်နယ်)

ကြိုးစားသွားမှာပါ

ထို့နောက် အဆို ပြိုင်ပွဲဝင်တစ်ဦးဖြစ်သော ချင်းပြည်နယ်မှ မစိန်စန်းနွမ်းအား တွေ့ဆုံမေးမြန်းရာ **“ဟားခါးက လာရောက် ယှဉ်ပြိုင်တာပါ။ အခုအကြိမ်နဲ့ဆို သုံးကြိမ်ရှိပါပြီ။ ဆုတံဆိပ်တော့တစ်ကြိမ်မျှ မရသေးပါဘူး၊ လေ့ကျင့်မှုကတော့ တစ်လလောက် အပြင်းအထန် လေ့ကျင့်ခဲ့ပြီး အရင်ကလဲ အချိန်ရသလောက် လေ့ကျင့်ခဲ့ပါတယ်။ လူတွေအများကြီးနဲ့ ပြိုင်ပွဲဝင်ရတာ ပျော်ဖို့ကောင်းပါတယ်။ ဒီနှစ်တော့ ဆုရအောင် ကြိုးစားသွားမှာပါ”**ဟု ဖြေကြားသွားသည်။

မျှော်မှန်း

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲဝင် မွန်ပြည်နယ်မှ မြန်မာပြည်မိုးလျှံနှင့် တွေ့ဆုံမေးမြန်းရာ**“စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တာ ဆိုတော့ (၁၁)ကြိမ် ရှိပါပြီ။ ရွှေတံဆိပ် ၁၄ခု ရရှိထားပြီးလဲ ဖြစ်ပါတယ်။ ကျွန်တော်က ပတ္တလား၊ နှဲ၊ ဆိုင်း၊ အိုးစည်၊ ဒိုးပတ် ပြိုင်ပွဲတွေမှာလဲ ဝင်ပြိုင်ပါတယ်။ ဆရာကတော့ အဖဆရာ ရန်ကုန်စိန်ဗဒင်းပါ။ ဒီနှစ် အမြင့်ဆုံး ရွှေတံဆိပ်ရမယ်လို့ မျှော်မှန်းထားပါတယ်”** ဟု ဖြေကြားသွားသည်။

စတင်ဆင်နွှဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်၌ ဒုတိယ အကြိမ်မြောက် အဖြစ် ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေပြီ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ပြိုင်ပွဲဝင်တွေအားလုံး တော်ကြတဲ့သူတွေချည်းပါပဲ။ ဒါကြောင့် သူတို့တစ်တွေ အမှားနည်းလား၊ များလား၊ ဒါကိုကြည့်ပြီး အမှတ်ပေးတယ်။

ဦးမင်းနောင်

ကိုယ်ပိုင်ဟန်နဲ့ သီဆိုတဲ့ကလေးတွေ အများကြီး ပေါ်ထွက်လာလို့ အနာဂတ်မြန်မာသံစဉ်တေးတွေနဲ့ ပတ်သက်ပြီး စိတ်အေးမှု ဖြစ်ရပါတယ်။

ဒေါ်တင်တင်မြ

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး လားရှိုးမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက် ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့၊ ခင်ဦးမြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ်၊ သိန်းနီမြို့နယ်နှင့် တန့်ယန်းမြို့နယ် တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၄ရက်၊ ၁၅ရက်၊ ၁၆ရက်နှင့်၁၇ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

မိုးကောင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ် ရှုတ်ချပွဲသို့ မိုးကောင်းမြို့ မြို့ပေါ် ၁၀ ရပ်ကွက်၊ နမ္မတီးဒေသကျေးရွာများ၊ ပင်းဘော၊ ဆားမော်ဒေသကျေးရွာများမှ ပြည်သူ အင်အား ၂၀၀၀၀ ကျော် တို့သည် အောက်တိုဘာ ၁၄ရက်နံနက် ၆နာရီခွဲ တွင် မိုးကောင်းမြို့ စည်ပင်သာယာ မြို့နယ်ခန်းမ၌ စုစည်းကာ မိုးကောင်း မြို့အဝင်ဆိုင်းဘုတ်မှ မိုးကောင်းတံတား ကိုဖြတ်၍ မြို့တော်ခန်းမ၊ ၎င်းမှဦးဖိုး စောလမ်းအတိုင်း အနောက်ဘက်သို့ ဆင်ဝါးနော်လမ်းနှင့် မီးသတ်လမ်းဆုံ၊ ၎င်းမှ ဆင်ဝါးနော်လမ်းအတိုင်း တောင် ဘက်သို့ ပြည်ထောင်စုလမ်းမကြီး လမ်းဆုံ (နဝဒေးလမ်း)၊ ၎င်းမှ ပြည် ထောင်စုလမ်းမကြီးအတိုင်း အရှေ့ဘက် သို့ဦးဖိုးစောလမ်းဆုံ၊ ၎င်းမှဦးဖိုးစော လမ်းအတိုင်း မြောက်ဘက်သို့ စုရပ် မြို့လယ် ခန်းမအထိ လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ ပြည်တွင်းပြည်ပအဖျက် သမားများအလိုမရှိ၊ ဆူပူအကြမ်းဖက် သမားများ အလိုမရှိ၊ ပြည်ပအားကိုး ပုဆိန်ရိုးများအလိုမရှိ စသည့်ကြွေးကြော် သံများကို သံပြိုင်ညီညာ ကြွေးကြော် ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ဆူပူအကြမ်း ဖက်မှုကို မလိုလား၊ ပြည်တွင်း ပြည်ပ အဖျက်သမားများရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူဒို့ရန်သူ၊ဆူပူအကြမ်း ဖက်ခြင်းသည် ဒီမိုကရေစီ၏ဆန့်ကျင် ဘက်၊ အမေကျော်ဒွေးတော် မလွမ်းနဲ့၊ ပြည်ပသွေးထိုးလှုံ့ဆော်မှုများ ဒို့မလို လား၊ ဆရာဒကာ သွေးစည်းမှု ဒို့ရေးရှု၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ VOA လိမ်နေသည်၊ BBC ညာနေ သည်၊ RFA ရန်တိုက်ပေးနေသည်၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ကြောင့် ကုန်ဈေးနှုန်းကြီးရသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မိုးညှင်း

အလားတူ ကချင်ပြည်နယ်မိုးညှင်း မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချ ပွဲသို့ မိုးညှင်းမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ရပ်ကွက်နှင့်ကျေးရွာအုပ်စုရှစ်အုပ်စု တို့မှ ပြည်သူအင်အား ၃၀၀၀၀ကျော် တို့သည် အောက်တိုဘာ၁၄ရက် နံနက် ၈နာရီတွင် မိုးညှင်းမြို့ အထက(၁) ဘောလုံးကွင်းဟောင်းမှ စတင်၍ ပြည် ထောင်စု လမ်းမကြီးအတိုင်း၊ ၎င်းမှ မြို့နယ်တံတားကို ဖြတ်ကာ ဆန်းသစ် စတိုးလမ်းဆုံ၊ ၎င်းမှ မီးရထားဘူတာရုံ ရှေ့၊ဘုရင့်နောင်လမ်းဆုံ၊ ၎င်းမှ စည်ပင် သာယာဈေးကိုဖြတ်၍မင်းကွင်းလမ်းဆုံ၊ ပြည်ထောင်စုလမ်းမကြီး၊ ၎င်းမှ မြို့နယ် တံတားကိုဖြတ်ပြီး နွေဦးမွန်လမ်းဆုံ၊ ၎င်းမှ သမိန်ဗရမ်းလမ်းအတိုင်း မြို့တော် ခန်းမကိုဖြတ်ကာ မင်းရဲကျော်စွာလမ်း၊ ၎င်းမှစုရပ်ဖြစ်သည့်အထက(၁)ဘောလုံး ကွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေး (၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်အောင်ရမည်၊ ပြည်တွင်းပြည်ပအဖျက်သမားများ အလို မရှိ၊ ဆူပူအကြမ်းဖက်သမားများ အလို မရှိ၊ပြည်ပအားကိုး ပုဆိန်ရိုးများ အလို မရှိ စသည့်ကြွေးကြော်သံများကို သံပြိုင် ညီညာကြွေးကြော်ကြပြီး နိုင်ငံတော် အလံ ၁၄ လက်ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှု ကိုလိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပ အဖျက် သမားများရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်း ဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဖက်ခြင်း သည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အမေကျော်ဒွေးတော် မလွမ်းနဲ့၊ ပြည်ပ သွေးထိုးမှုများဒို့မလိုလား၊ ဘာသာရေး ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ် သည့်အကြံ ဒို့လက်မခံ၊ ဆရာဒကာ သွေးစည်းမှု ဒို့ရေးရှု၊ အမျိုးသားညီလာခံ ကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုကြိုဆိုသည်၊ VOA လိမ်နေ သည်၊ BBC ညာနေသည်၊ RFA ရန်တိုက် ပေးနေသည်၊ VOA, BBC, RFA လေလှိုင်းပေါ်က လူသတ်သမား များ ပြည်သူအားလုံးသတိထား၊ အမေရိ ကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန် ဈေးနှုန်းကြီးရသည် စသည့် ဆိုင်းဘုတ် များကိုကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ ကြသည်။

စစ်ကိုင်း

ထို့အပြင် စစ်ကိုင်းတိုင်း စစ်ကိုင်း မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ စစ်ကိုင်းမြို့ မြို့ပေါ် ၁၈ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာပေါင်း ၅၅ ရွာ တို့မှ ပြည်သူအင်အား ၂၂၀၀၀ ကျော် တို့သည် အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းမြို့အတွင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမား များ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက် သမားများ အလိုမရှိ၊ ဒို့တာဝန်အရေး (၃)ပါး ကြွေးကြော်သံများကို သံပြိုင် ညီညာကြွေးကြော်ကြပြီး ပြည်ထောင်စု အလံများကို ကိုင်ဆောင်ကာ တည်ငြိမ် မှုကိုလိုလားသည်၊အေးချမ်းမှုကို လိုလား သည်၊ဆူပူမှုကိုမလိုလား၊ အကြမ်းဖက်မှု အန္တရာယ်ဒို့ကာကွယ်၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူ အကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်စသည့်ဆိုင်းဘုတ်များကိုကိုင် ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ခင်ဦး

အလားတူ စစ်ကိုင်းတိုင်း ခင်ဦး မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ခင်ဦးမြို့ မြို့ပေါ် ၁၄ရပ်ကွက်နှင့် ကျေး ရွာအုပ်စု ၃၆အုပ်စု၊ ကျေးရွာပေါင်း ၇၂ရွာမှ ပြည်သူအင်အား၂၀၀၀၀ ကျော် တို့သည် အောက်တိုဘာ ၁၅ရက် နံနက် ၇ နာရီ ၁၅မိနစ်တွင် ခင်ဦးမြို့ မြို့အရှေ့ ဘက်ထိပ် ခင်ဦး–သင်ပေါင်းလမ်း၊ ၎င်းမှမြို့လယ်လမ်းမတော်တစ်လျှောက်၊ ၎င်းမှဘူတာရုံလမ်းတစ်လျှောက် ချီတက် ကာ ခင်ဦးမြို့ စည်ပင်သာယာဈေး မြောက်ဘက်မှတစ်ဆင့် မြို့လယ်လမ်း မတော်တစ်လျှောက် ချီတက်ပြီး စုရပ် ဖြစ်သည့် ခင်ဦးမြို့အရှေ့ထိပ်သို့ လှည့် လည်၍ ဒို့တာဝန် အရေး(၃)ပါးနှင့် ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာ နိုင်ငံတော်အလံများကိုကိုင်ဆောင်ကာ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်သူများ အလိုမရှိ၊ ပြည် တွင်း ပြည်ပအဖျက်သမားရန် ဒို့တွန်း လှန်၊ အမျိုးသားညီလာခံကို ထောက်ခံ သည်၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံ၊ လေလှိုင်းကြားက လူ သတ်သမား (VOA, BBC, RFA) နိုင်ငံခြားအသံ လွှင့်ဌာနများ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မောက်မယ်

ထို့အပြင် ရှမ်းပြည်နယ်(တောင် ပိုင်း)မောက်မယ်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ မောက်မယ်မြို့မှ ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် နမ့်လွတ်၊ စဥ့်ဝင်၊ စဥ့်ဆိုင်၊ မိုင်းပုတ်၊ ဟိုလွိုင် ကျေးရွာအုပ်စုတို့မှ ပြည်သူအင်အား ၁၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၅ ရက်နံနက် ၇နာရီခွဲတွင် မောက်မယ် မြို့အတွင်း လှည့်လည်၍ ဒို့တာဝန် အရေး (၃)ပါးနှင့် နိုင်ငံတော် ရှေ့ဆက် သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရ မည်စသည့်ကြွေးကြော်သံများကို သံပြိုင် ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှု ကိုလိုလားသည်၊ အေးချမ်းမှုကိုလိုလား သည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC, VOA,RFA လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား၊ သူ့ကျွန်မခံပါ၊ ကိုလိုနီ နယ်ချဲ့လက်သစ်ဝါဒဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒ ဖော်ထုတ်ခဲ့ကြသည်။

ဗန်းမော်မြို့

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ် ရှုတ်ချပွဲသို့ ဗန်းမော်မြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀ တို့မှ ပြည်သူအင်အား ၁၅၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီ တွင် ဗန်းမော်မြို့ မြို့လယ်ဘောလုံး ကွင်းမှ လက်ဝဲသုန္ဒရလမ်းအတိုင်း မြို့မ ရပ်ဈေး၊ ၎င်းမှ အလယ်ရပ်စာတိုက် လမ်း၊ ပညာ့ရိပ်သာလမ်း၊ ဗလမင်းထင် လမ်း၊ သီရိလမ်းအတိုင်း ချီတက်ကာ မြို့နယ် ဘောလုံးကွင်းသို့လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ၊ ပြည်ပအားကိုးပုဆိန်ရိုးများ အလိုမရှိ၊ ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံ တော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်စသည့် ကြွေးကြော် သံများကို သံပြိုင်ညီညာ ကြွေးကြော် ကြပြီး နိုင်ငံတော်အလံ ၁၄လက်ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလား သည်၊ အေးချမ်းမှုကိုလိုလားသည်၊ ဆူပူ အကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း ပြည်ပအဖျက်သမားများရန် ဒို့တွန်း လှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်ရမည်၊ ဆူပူ အကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အေးချမ်းမှုကို မဖျက် ဆီးပါနှင့်၊ တိုးတက်မှုကို မဖျက်ဆီး ပါနှင့်၊ သူ့ကျွန်မခံပါ၊ ကိုလိုနီလက်သစ် ဝါဒ ဒို့လက်မခံ၊ အမေကျော် ဒွေးတော် မလွမ်းပါနှင့်၊ ပြည်ပအားကိုးပုဆိန်ရိုး များ အလိုမရှိ၊ VOA, BBC, RFA အသံလွှင့်ချက်များ အလိုမရှိ၊ VOA လိမ်နေသည်၊ BBC ညာနေသည်၊ RFA ရန်တိုက်ပေးနေသည်၊ DVB မြှောက်ထိုးပင့်ကော် လုပ်ပေးနေသည်၊ လေလှိုင်းပေါ်က အဖျက်သမားများ ပြည်သူအားလုံး သတိထား၊ အဲဒီ ဝေသာလီပုဏ္ဏားများ မယုံလေနဲ့ သတိ ထား၊ အမေရိကန်စီးပွားရေးပိတ်ဆို့မှု ကြောင့် ကုန်ဈေးနှုန်းကြီးရသည်၊ အဆိုး မြင်ဝါဒီ ဒို့လက်မခံ၊ တည်ငြိမ်အေးချမ်း ရေးကို ဖျက်ဆီးသူများဆန့်ကျင်ကြ၊ တိုးတက်ရေးကို ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ NLD အလိုမရှိ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင် ဆန္ဒ ဖော်ထုတ်ခဲ့ကြသည်။

ရွှေကူမြို့

အလားတူ ကချင်ပြည်နယ် ရွှေကူ မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချ ပွဲသို့ ရွှေကူမြို့နယ်အတွင်းမှ ပြည်သူ အင်အား ၁၁၀၀၀ ကျော် တို့သည် အောက်တိုဘာ ၁၄ရက် နံနက် ၇နာရီ တွင် ရွှေကူမြို့ အမှတ်(၂)ရပ်ကွက် အားကစားကွင်းမှ ဗိုလ်ချုပ်လမ်း အတိုင်း၊ အမှတ်(၃)ရပ်ကွက်၊အမှတ်(၄) ရပ်ကွက်တို့ကို ဖြတ်ကျော်ပြီး အမှတ် (၄)ရပ်ကွက်ရှိ မြို့လယ်ဘောလုံးကွင်း သို့ လှည့်လည်၍ ဆူပူအကြမ်းဖက် သမားများအလိုမရှိ၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ အလိုမရှိ၊ ပြည်ပ အားကိုး ပုဆိန်ရိုးများ အလိုမရှိ၊ ဒို့တာဝန် အရေး(၃)ပါး စသည့် ကြွေး ကြော်သံများကို သံပြိုင်ညီညာကြွေး ကြော်ကြပြီး နိုင်ငံတော်အလံ ၁၄လက် ကိုကိုင်ဆောင်ကာတည်ငြိမ်မှုကိုလိုလား သည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကိုမလိုလား၊ ပြည် တွင်းပြည်ပ အဖျက်သမားများရန် ဒို့ တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်ရမည်၊ ဆူပူ အကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အေးချမ်းမှုကို မဖျက် ဆီးပါနှင့်၊ သူ့ကျွန်မခံပါ၊ တိုးတက်မှုကို မဖျက်ဆီးပါနှင့်၊ ကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ၊အမေကျော် ဒွေးတော်မလွမ်း ပါနှင့်၊ ပြည်ပအားကိုး ပုဆိန်ရိုးများ အလိုမရှိ၊ မိုးလုံးပြည့် မုသာဝါဒီ RFA,VOA, BBC အဖျက်သမား များ သတိထား RFA,VOA, BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား၊ မိုးလုံးပြည့် မုသာဝါဒီတွေတိုင်းပြည်ပျက်အောင်လုပ် နေသည်၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေ သည်၊ အဲဒီ ဝေသာလီပုဏ္ဏားများ မယုံ လေနဲ့သတိထား၊ အမေရိကန်၏ စီးပွား ရေးပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရ သည်၊အဆိုးမြင်ဝါဒီ ဒို့လက်မခံ၊ တည် ငြိမ်အေးချမ်းရေးကိုဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ တိုးတက်ရေးကို ဖျက်ဆီး သူများအားဆန့်ကျင်ကြ၊ NLD အလို မရှိ စသည့် ဆိုင်းဘုတ်များကို ကိုင် ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကွန်ဟိန်းမြို့

ထို့အပြင် ရှမ်းပြည်နယ်(တောင် ပိုင်း) ကွန်ဟိန်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ကွန်ဟိန်းမြို့နယ် မြို့ပေါ် ငါးရပ်ကွက်နှင့် အနီးပတ်ဝန်း ကျင် ကျေးရွာများမှ ပြည်သူအင်အား ၁၁၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၆ရက် နံနက် ၇နာရီခွဲတွင် ကွန်ဟိန်း မြို့ မြို့မအားကစားကွင်းမှ သုခလမ်း၊ ၎င်းမှ စပယ်လမ်း၊ ၎င်းမှမြို့မဈေးနှင့် မြို့နယ်ခန်းမကိုဖြတ်ကျော်၍ ပြည် ထောင်စု လမ်းမကြီးအတိုင်း၊ ၎င်းမှ တပ်နယ်အားကစားကွင်း အတွင်းသို့ လှည့်လည်ပြီး ဒို့တာဝန်အရေး(၃)ပါး နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကိုလိုလား သည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ လေလှိုင်းထဲက လူသတ်သမားများ BBC, VOA ကို သတိထား၊ ဖွံ့ဖြိုး တိုးတက်မှုကို မဖျက်ဆီးပါနှင့်၊ ကိုလိုနီ လက်သစ်ဝါဒ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒ ဖော်ထုတ်ခဲ့ကြသည်။

လားရှိုးမြို့

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ် ရှုတ်ချပွဲသို့ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ရပ်ကွက်မှ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီတွင် လားရှိုးမြို့ ယုံဟော် အားကစားကွင်းမှ သိန်းနီလမ်းအတိုင်း၊ ၎င်းမှသုခလမ်း၊ သိန်းတိုက်ရပ်ရှင်ရုံအနီး ကြာဖြူလမ်းအတိုင်း၊၎င်းမှကြက်ခြေနီရုံး ထောင့်လမ်းမှလမ်းမတော်လမ်းအတိုင်း (ဆေးရုံကြီးရှေ့)၊ ၎င်းမှတစ်ဆင့် အဝိုင်း ပတ်မှ ပြည်ထောင်စုလမ်းမကြီးအတိုင်း လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အေးချမ်းမှုကိုလိုလား သည်၊ တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊သူ့ကျွန် မခံပါ၊ ဝေသာလီပုဏ္ဏားများ မယုံ လေနဲ့ သတိထား၊ နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင် ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြ သည်။

သိန်းနီမြို့

အလားတူ ရှမ်းပြည်နယ်(မြောက် ပိုင်း)သိန်းနီမြို့နယ် ပြည်သူ့ဆန္ဒ ဖော် ထုတ်ရှုတ်ချပွဲသို့ သိန်းနီမြို့ပေါ်ရှိ ရပ်ကွက် လေးရပ်ကွက်နှင့် အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ အင်အား ၁၆၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီ တွင် သိန်းနီမြို့ နမ္မတူတံတားမှကွတ်ခိုင် လမ်းအတိုင်း အေးရှားဝေါလ်တိုးဂိတ် အထိလှည့်လည်၍ ဒို့တာဝန် အရေး (၃)ပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကိုလိုလား သည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကိုမလိုလား၊ BBC, VOA, RFA လေလှိုင်းပေါ်ကလူသတ် သမားများသတိထား၊ ဆူပူအကြမ်းဖက် သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကြိုဆိုသည်၊ မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည် စသည့်ဆိုင်းဘုတ် များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ် ခဲ့ကြသည်။

တန့်ယန်းမြို့

ထို့အတူ ရှမ်းပြည်နယ်(မြောက် ပိုင်း)တန့်ယန်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ တန့်ယန်းမြို့ပေါ် ရှိ ရပ်ကွက် ၁၀ ရပ်ကွက်နှင့် လုံမုံ၊ ဟိုမန်း၊ ခိုယောင်းကျေးရွာအုပ်စုများမှ ပြည်သူအင်အား ၁၇၀၀၀ ခန့် တို့သည် အောက်တိုဘာ ၁၇ရက်နံနက် ၇ နာရီ တွင် တန့်ယန်းမြို့ ပန်ဆန်းလမ်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၎င်းမှအနော် ရထာလမ်း၊ ၎င်းမှ ဘုရင့်နောင်လမ်း၊ ၎င်းမှ ယောမင်းကြီးလမ်း၊ ၎င်းမှ ဇီဝက လမ်းတစ်လျှောက်လှည့်လည်၍ဒို့တာဝန် အရေး(၃)ပါးနှင့် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင် ရမည်စသည့် ကြွေးကြော်သံများကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် သံပြိုင် ညီညာ ကြွေးကြော်ကြပြီး BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက် ပေးနေသည်၊ တည်ငြိမ်မှုကို လိုလား သည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ အမေ ကျော် ဒွေးတော်မလွမ်းပါနဲ့၊ ဆရာဒကာ သွေးစည်းမှု ဒို့ရေးရှု၊ ကျွန်ဖြစ်မည့်အကြံ ဒို့လက်မခံ၊ အဖျက်သမား သတိထား၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

တိုးတက်ဖြစ်ထွန်းနေသည့် နိုင်ငံတစ်ဝန်း လူမှုရေးလုပ်ငန်းများ

မောင်လူမှု

လူမှုဘဝနယ်ပယ်တွင် မှီခိုအားထားမှုများသည် အမြဲတစေရှိနေသည်။ အားနည်းသူကို ဖေးမကူညီခြင်း၊ လူသားအချင်းချင်း ရိုင်းပင်းကူညီခြင်းနှင့် စာနာထောက်ထားခြင်းတို့သည် လူမှုဘဝ၏ ကောင်းမြတ်သော အစဉ်အလာများပင်ဖြစ်သည်။ မြန်မာတို့၏ လူမှုဘဝနယ်ပယ်တွင်လည်း ထိုကောင်းမြတ်သော အစဉ်အလာများသည် ယဉ်ကျေးသိမ်မွေ့သော ထုံးတမ်းအစဉ်အလာများအတိုင်း ထာဝစဉ်ရှင်သန် ဖွံ့ဖြိုးနေသည်။ မြန်မာတို့၏ ပင်ကိုစိတ်ရင်း ဓလေ့စရိုက်များဟုလည်း ဆိုရမည် ဖြစ်သည်။

ယနေ့မျက်မှောက်ကာလတွင်မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုများနှင့် အတူ လူမှုရေးဆိုင်ရာ ဖြစ်ထွန်းမှုများ၊ ကူညီ ထောက်ပံ့ဖြည့်ဆည်းပေးမှုများ တိုးတက်ဖြစ်ထွန်း နေသည်။ လူမှုရေးလုပ်ငန်းများ၌ ဖြည့်ဆည်း ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်အပိုင်းသာမက စေတနာရှင် ပြည်သူများအပိုင်းကပါ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ဖြည့်ဆည်း ဆောင်ရွက်ပေးရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မြဲမြဲခိုင်မာမှု၊ အမျိုးသားရေးစိတ်ဓာတ်များ မြင့်မားတိုးတက်လာမှုများကြောင့် နယ်ပယ်အသီးသီးတွင် အမျိုးသားရေး စွမ်းအားစုများ အခိုင်အမာ ပေါ်ထွက်လာပေသည်။

အမျိုးသားရေးစွမ်းအားစုများတွင် ပါဝင်သည့် လူမှုရေးအသင်းအဖွဲ့များသည် ပြည်သူများ၏ လူမှုဘဝ မြင့်မားတိုးတက်စေရန်၊ ပြည်သူများ၏ ဘဝ အေးချမ်းသာယာစေရန်အတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေး နေကြပြီဖြစ်သည်။ ရပ်ရေး၊ ရွာရေး၊ အားနည်းသူများကို ကူညီစောင့်ရှောက်ပေးရေး လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များက အဓိကကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်ကို ယနေ့မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။

လူမှုရေးကဏ္ဍ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများတွင် နိုင်ငံတော်အပိုင်းသာမက စေတနာရှင် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် ပေးနိုင်မှုများကြောင့် နိုင်ငံအတွင်းရှိ လူမှုရေးလုပ်ငန်းအသီးသီးတွင် ယခုအခါ ယခင်နှင့်မတူ ပြည်သူ့ဘဝများ သာယာစိုပြည် မြင့်မားတိုးတက်လာသည်။

ယခင်ကာလက လူမှုဝန်ထမ်းနေ့ကလေးထိန်းကျောင်း ၁၇ ကျောင်းသာ ရှိသော်လည်း ယခုအခါ ၆၂ ကျောင်းရှိလာသဖြင့် ၄၅ ကျောင်း တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က စေတနာနေ့ကလေးထိန်းကျောင်း ၅၇၈ကျောင်း ရှိရာမှ ယခုအခါ ၇၃၄ ကျောင်းရှိလာသဖြင့် ၁၅၆ ကျောင်း တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၁၃၃ ကျောင်း ရှိရာမှ ယခုအခါ ၁၅၂ ကျောင်း ရှိလာသဖြင့် ၁၉ ကျောင်း တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း နှစ်ကျောင်းရှိပြီး ယခုအခါ ခုနစ်ကျောင်း ရှိလာသဖြင့် ငါးကျောင်း တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်က စေတနာ့ဝန်ထမ်း အမျိုးသမီး သက်မွေးသင်တန်းကျောင်း လုံးဝမရှိခဲ့ရာမှ ယခုအခါ ၁၀ ကျောင်း ရှိလာသည်။ ၁၉၈၈ ခုနှစ်က ဘိုးဘွားရိပ်သာ ၂၀ ရှိရာမှ ယခုအခါ ရိပ်သာ ၄၂ ခု ရှိလာသဖြင့် ရိပ်သာ ၂၂ ခု တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က မသန်စွမ်းသင်တန်းကျောင်း လေးကျောင်းရှိရာမှ ယခုအခါ ငါးကျောင်းရှိလာသဖြင့် တစ်ကျောင်း တိုးတက်လာသည်။

ယင်းတို့သည် နိုင်ငံတော်နှင့် စေတနာရှင် လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးမှုများကြောင့် မြန်မာတို့၏ လူမှုရေးနယ်ပယ်အတွင်းမှ တိုးတက်ဖွံ့ဖြိုးလာသော လူမှုရေးလုပ်ငန်းများပင် ဖြစ်ပေသည်။ ။

စေတနာရှင် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဘိုးဘွား ရိပ်သာများသို့ သွားရောက်၍ အဘိုး၊ အဘွားများအား ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးစဉ်။

နိုင်ငံတော်က နယ်မြေဒေသအနှံ့တွင် တည်ဆောက်ပေးထားသော လူမှုရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာလျက်ရှိရာ တီးတိန်မြို့နယ်ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများ စက်ချုပ်အတတ်ပညာ ဤသို့ သင်ယူခဲ့ကြသည်။

လူမှုဝန်ထမ်း ဦးစီးဌာန အမျိုးသမီး သင်တန်းကျောင်းနှင့် ကလေးပြုစုရေးဌာနများတွင် ကျွေးမွေးလှူဒါန်းမှုများ ဆောင်ရွက်ပေးစဉ်။

အမျိုးသားရေးစွမ်းအားစုများတွင်ပါဝင်သည့် လူမှုရေးအသင်းအဖွဲ့များသည် ပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်စေရန်၊ ပြည်သူများ၏ ဘဝအေးချမ်းသာယာစေရန်အတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေး နေကြပြီ။

ရပ်ရေး၊ ရွာရေး၊ အားနည်းသူများကို ကူညီစောင့်ရှောက်ပေးရေး လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များကအဓိက ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်ကို ယနေ့မျက်ဝါးထင်ထင် မြင်တွေ့ နေရ။

လူမှုရေးကဏ္ဍ ဖြည့်ဆည်းဆောင်ရွက်ပေးမှု များတွင် နိုင်ငံတော်အပိုင်းသာမက စေတနာရှင် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးနိုင်မှုများကြောင့် နိုင်ငံအတွင်းရှိ လူမှုရေး လုပ်ငန်းအသီးသီးတွင် ယခုအခါ ယခင်နှင့်မတူ ပြည်သူ့ဘဝများ သာယာ စိုပြည် မြင့်မားတိုးတက်လာ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် (၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မ သုံးထပ်ကျောင်းဆောင်ကြီးအတွက် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် နတ်မောက်ရိပ်သာလမ်းသွယ် အမှတ်(၂၆)နေ ဦးသံချောင်း ဒေါ်ညို၊ သားသမီးတစ်စုက ငွေကျပ်သုံးသိန်းကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာသို့ အလှူငွေများ လှူဒါန်းနိုင်

တိုက်ကြီး အောက်တိုဘာ ၁၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆင်စခန်းအုပ်စု ဂျိုးဖြူလမ်း အုန်းခြံအနီး ဆရာတော်ဘဒ္ဒန္တကုသလ(အစိုးရဓမ္မာစရိယ)တည်ထောင်ဆောက်လုပ်လျက်ရှိသော သစ္စာမဏ္ဍိုင် အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း လိုအပ်လျက်ရှိသော သိမ်၊ ယောဂီဆောင်၊ အိမ်သာ၊ ရေချိုးခန်း၊ မုခ်ဦး၊ မဟာရံတံတိုင်းတို့ကို တစ်ခန်းလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ဖုန်း- ၀၁-၃၈၂၇၅၆ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဒေါ်ညွန့်တင်သုံးလ ပြည့် အားရည်စူး၍ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၇ လမ်း ပထပ်(ဝဲ) အမှတ် (၂၂၃) နေ ခင်ပွန်းဦးသန်းဝေ၊ သားကိုမိုးဇော်၊ သမီးမမော်မော်၊ မြေး ဖွဲ့ပြည့်ဇော်၊ မိုးအင်ကြင်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင် ဆောက်လုပ်ရန်အတွက် ငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း အမှတ် ၈၂ နတ်မောက်လမ်း ဗဟန်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်မည့် လေးထပ်ဘောဇနဆောင်အတွက် မိခင်ကြီး ဒေါ်ခင်သန်းအား ရည်စူး၍ ဒေါ်အေးမိမင်္ဂလာတောင်ညွန့်က ငွေကျပ်ငါးသိန်း၊ ကိုသက်ဇင်-မကေဟန်လင်း၊ သား ဖြိုးသက်ကို တောင်ဥက္ကလာပက ငွေကျပ်သုံးသိန်း၊ ဇနီး ဒေါ်အောင်ကျော့ဖြူနှင့် ဒေါ်အေးခင်စောတို့အား ရည်စူး၍ ဦးဘစိန်နှင့် ဦးငွေစိန်အောင်-ဒေါ်သန်းနွဲ့၊ ဦးဖေသိန်း၊ ဦးသောင်းထွန်း မလွကုန်းလမ်း တာမွေမြို့နယ်က ငွေကျပ်ငါးသိန်း၊ မတင်လှအား ရည်စူး၍ ဒေါ်တင်မြိုင်၊ မြေး မဇင်နွယ်ဦး မွန်ပြည်နယ် ပင့်ကျေးရွာ ရွာလယ်ပိုင်းက ငွေကျပ်သုံးသိန်း၊ EMERALD MAR က ငွေကျပ်ငါးသိန်း လှူဒါန်းကြသည်။

အလှူရှင်များ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော နာနတ်တော-ဒေါ်ဆဲ ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို အောက်တိုဘာ ၆ရက်က အမှုဆောင်အရာရှိ ဦးစောနိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ရက်က ရွာငယ်ကျေးရွာ စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းရန်အတွက် အမှုဆောင်အရာရှိ ဦးဇော်ဖြိုး ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးနှင့်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် အဆောက်အအုံများ ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး

မော်လမြိုင် အောက်တိုဘာ ၅

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးသည် စက်တင်ဘာ ၁၆ရက်က ကျိုက်မရောမြို့နယ်တွင် လည်းကောင်း၊ ၁၉ရက်က ရေးမြို့နယ်သို့လည်းကောင်း၊ ၂၀ရက်က လမိုင်းမြို့နယ်သို့လည်းကောင်း၊ ၂၁ရက်က သံဖြူဇရပ်မြို့နယ်သို့ လည်းကောင်း၊ ၂၂ရက်က မုဒုံမြို့နယ်သို့လည်းကောင်း သွားရောက်ပြီး မြို့နယ်ဥက္ကဋ္ဌများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ ခုနှစ် မတ်လအထိ ဆောင်ရွက်ရမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာကြည့်တိုက်အဆောက်အအုံများ စီမံချက် ကာလအတွင်း ရာနှုန်းပြည့် အကောင်အထည် ဖော်နိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဦးသည် သံဖြူဇရပ်မြို့နယ် ဖောင်စိန်ကျေးရွာ စာကြည့်တိုက်သို့လည်းကောင်း၊ မုဒုံမြို့နယ် တာပသွန်ကျေးရွာ စာကြည့်တိုက်သို့လည်းကောင်း အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ မုဒုံမြို့နယ် ဘဲရမ်းကျေးရွာနှင့် ကွမ်တာကျေးရွာ၊ သာယာကုန်းကျေးရွာများသို့ စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရေး၊ မြေနေရာရရှိထားမှုများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးများအား လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

(၆၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်း အရန်တပ်ခွဲမှ လ-၆၉၅၄၈ ရဲတပ်ကြပ်ကြီး တင်ဝင်း လူမှုထူးချွန် (ဒုတိယဆင့်)**(အပေါ်ပုံ)**သည် အောက်တိုဘာ ၅ ရက်က အမျိုးသားသွေးလှူဘဏ်တွင် (၆၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

ဟားခါး၌ စာဖတ်ဝိုင်းကျင်းပ

ဟားခါး အောက်တိုဘာ ၁၇

ဟားခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်ဝိုင်း အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ပုမ်ခန့်နွမ်း၊ စာကြည့်တိုက် လက်ထောက်(၃) ဒေါ်တီလီနော်နှင့် ရပ်သံကျွမ်းကျင်(၃) ဦးရှိန်းတခ်တို့က စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်၊ ဥပဒေပြုမှု ပုံသဏ္ဌာန်နှင့် အနှစ်သာရစာအုပ်ကို ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်က အနာဂတ်နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ဝန်ထမ်းများ ခံယူသင့်သော အသိတရားနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးနေမျိုးကျော် ကြီးကြပ်မှုဖြင့် အမှတ်(၁)ရေစက်ရုံမှ ရေပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်မျိုး ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ယမကပါဠိတော်ကျမ်း ဒုတိယအုပ်အတွက် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဗဟန်း ကိုယ့်မင်းကိုယ့်ချင်းလမ်း(ရေခဲဆိုင်မှတ်တိုင်ရှေ့) မင်္ဂလာတိုက်ကျောင်း ပဓာန နာယက ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်သူမြတ်ထံသို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်လမ်း အမှတ်(၃၂)နေ ဦးစိုးတင်-ဒေါ်တင့်တင့်၊ ဖခင်ဦးမောင်သိန်းအား ရည်စူး၍ သားသမီးများဖြစ်ကြသော ဒေါ်အေးနု၊ ဦးမြသိန်း၊ ဒေါ်အေးညွန့်၊ ဦးခင်သိန်း၊ ဦးအေးသိန်း၊ ဦးမောင်စိန်ရွှေ၊ ဒေါ်စိန်ရွှေမြ၊ ဦးအောင်ကျော်မင်း၊ ဒေါ်ခင်ဦး၊ ဒေါ်အောင်သိန်းဝေ၊ ဒေါ်အောင်အောင်ခိုင်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး ရုံ(ဃ) ဒိုင်အမှတ်(၁)မှ ဦးကျော်ငြိမ်း-ဒေါ်ခင်လှိုင်၊ သမီး မယဉ်ယဉ်လှိုင်၊ ဆရာမဒေါ်ခင်မာလွင်၊ ဒေါ်သွယ်သွယ်ဝင်းအား အမှူးထား၍ တပည့်များဖြစ်ကြသော မောင်အောင်ဖြိုး၊ မအိအိဖြိုး၊ မပိုင်ပိုင်သူရ၊ မမေသန္တာမောင်၊ မလှိုင်ဦးခင်၊ မသက်ထက်အောင်တို့က ကြေးပြားနှစ်ချပ်စီ၊ ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေး TTMနယ်ပို့မှ ဦးသိုးမြင့်-ဒေါ်ချစ်ရင်၊ ရုံ(ဃ) ဒိုင်အမှတ်(၄) မှ ဦးခင်မောင်၊ သားမောင်နိုင်သူ၊ မောင်ရဲနိုင်၊ မောင်သန်းနိုင်၊ ဦးကြည်မြ-ဒေါ်ခင်ငွေ၊ ရုံ(ဃ) ဒိုင်အမှတ် (၂၂) မှ ဦးအောင်ထိန်-ဒေါ်အေးကြိုင်၊ ရုံ(က) ဒိုင်အမှတ်(၁၂)မှ ဦးစိုးအောင်-ဒေါ်ခင်သန်း၊ လမ်းမတော်မြို့နယ် ၅လမ်း အမှတ်(၂၅)နေ ဦးသန်းဌေး-ဒေါ်ယဉ်ယဉ်ဝင်း၊ တောင်ဒဂုံမြို့နယ် ၂၄ရပ်ကွက် သိင်္ဂီ ၅လမ်း အမှတ် (၄၀၆)နေ ကိုမျိုးမြင့်-မခင်ဝါရွှေ၊ တာမွေမြို့နယ် ၁၆၁လမ်း အမှတ် (၄)နေ ဦးတင်ထွေး-ဒေါ်စန်းစန်း၊ ၁၅၂လမ်းနေ ဒေါက်တာတင်အောင်-ဒေါက်တာသန်းသန်း၊ ဒဂုံတက္ကသိုလ် မြန်မာစာဌာနမှ ဒေါ်သန်းသန်း(တွဲဖက်ပါမောက္ခ)၊ မခင်မျိုးမြင့်၊ မခင်ထွေးဦး၊ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ တိုက် ၂၈၊ အခန်း၉နေ ဦးမြင့်လှ-ဒေါ်ခင်ပို(ဆေးဝါး)၊ သား မောင်အောင်သူ(ခ) အောင်မြတ်၊ ပန်းဘဲတန်းမြို့နယ် ၂၅လမ်း အမှတ်(၁၃၀)၊ ၄လွှာနေ မောင်ဖွဲ့လင်းဝေ၊ မဇွန်လေးဝေနှင့် မောင်မင်းအိမ်စိုး မောင်နှမတစ်စုက ကြေးပြား တစ်ချပ်စီ စုစုပေါင်း ကြေးပြား ၂၄ချပ်အတွက် အလှူငွေကျပ် ၄၈၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (က-ပ)

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်တင်ဘာ ၂၄ရက်က မြဇေယျာရပ်ကွက် သရက်ချောင်းရေနုတ်မြောင်းမကြီးနှင့် ဆက်စပ်မြောင်းသွယ်များ ဆယ်ယူခြင်းကို မြို့တာဝန်ခံဦးသိန်းထူးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

FAME
အအေးမိတုပ်ကွေးရောဂါကုဆေး
Echinacold®
1207 Y 07347

ဂုဏ်ရည်အရိုးအကြောလိမ်းဆေးအဆီ

၀၈၀၈ ပိုင် ၀၇၆၀၁
၁/၂၀၀၅ တဆထလ/တိုး (၀၂၉၉)

ဤလိမ်းဆေးသည် ဆေးစွမ်းထက်မြက်လှသည့် ဆေးခေါက်၊ဆေးမြစ်၊ သစ်ဥ၊ဆေးရွက်တို့ကို ပေါင်းစံကာ အဆီအနှစ်သီးသန့် ထုတ်လုပ်ထားသည့်အတွက် အဆစ်ရောင်ကိုက်ရောဂါကြောင့် ကိုက်ခဲခြင်း၊ ကျိုးပေါင်းတက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ဇက်ခိုင်၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊အရိုးအကြော အဆစ် ရောင်ရမ်းခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ဒူး၊ ဖနောင့်၊ ဖဝါး၊ ခြေလက် ထုံကျဉ်ခြင်း၊ အကြောတက်ခြင်း ၊ နာကျင်ခြင်းများကို သက်သာပျောက်ကင်းစေသည်။

ဤဆေး၏ ထူးခြားချက်မှာ ဖယောင်းလုံးဝမပါရှိသည့်အတွက် ချေးပေါက်ပိတ်ခြင်းမရှိပါ။
အမှတ် (၈၂/၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ ဖုန်း – ၆၄၁၅၀၁
အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

မွေးနေ့သက္ကရာဇ်အမှန်

ဒုတိယဗိုလ်မှူးကြီးတင်ဦး–ဒေါ်ရီမြ တို့၏သား အထက(၁)မင်္ဂလာဒုံ သတ္တမတန်း(A)၌ ပညာသင်ကြားနေသော မောင်မျိုးညွှန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇–၇–၁၉၉၅ ဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးတင်ဦး–ဒေါ်ရီမြ။

သင့်ရင်သွေးနာမည်လှလှ မွေးလိုက်ကြ
ဆရာကြီးရာဇာဇော်ဝင်း(LL.B.)
▶ဗုန်းသာဆက်လိုက်ပါ မွေးမှုမပျက်ခေတ်မီလှပသော နာမည်များကို ပန်းကုံးသစ္စယ် သီကုံးပြီးပို့ပေးမယ်
တိုက် ၅၆–လမ်း ၇၀ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့
☎ 394727 , 09-5123509

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကမ/၂၂၀၁ Hensim-110/M/Cယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးဝင်း ၁၃/ကမန (နိုင်) ၀၆၆၄၂၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ကျောက်မဲမြို့)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၆၆၇၁အမျိုးအမည် Honda Dream ၏ ပိုင်ရှင် ဦးထွန်းဝေ ၂/ဒမဆ(နိုင်)၀၀၆၃၇၅ က (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ပြည်နယ်ရုံး)ကျိုင်းတုံမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၂၀၉၅အမျိုးအမည် HondaC70 KB ၏ပိုင်ရှင် ဦးစည်သူထွန်း ၁၃/လရန(နိုင်)၀၀၅၀၁၀ က (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ပြည်နယ်ရုံး)ကျိုင်းတုံမြို့။

M.L.E.C
(MULTI LEVEL EDUCATION CENTRE)
သင်ကြားနိုင်သော ဘာသာရပ်များ
၁။အင်္ဂလိပ် ၄။ စပိန်
၂။ကိုရီးယား ၅။ ပြင်သစ်
၃။တရုတ် ၆။ ဂျာမန်
၇။ ဂျပန်
☎ : 704407
: 09 51 34360
⇨ ဆက်သွယ်ရန်လိပ်စာ
အမှတ် (၁၇၈-၁၈၀)၊ အထက်ဘလောက်၊ ၅၁-လမ်း၊ ယာဉ်ထိန်းရဲစခန်းအနီး၊ ပုဇွန်တောင်မြို့နယ်။

ဖခင်အမည်မှန်

လားရှိုးမြို့ အထက(၆) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကျော်ပိုင်ဝင်း မှတ်ပုံတင်အမှတ် LSO-184957 ၏ ဖခင်အမည်မှန်မှာ ဦးပေါက်ဟုန်ရှင် ၁၃/လရန(နိုင်)၀၈၃၃၂၇ ဖြစ်ပါသည်။

မောင်ကျော်ပိုင်ဝင်း။

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်–

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း–၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/
(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းမြောက်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်၇၇၊ ဗလွှာ(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ရေမီးအပြည့်အစုံအပါအဝင် အကျိုးခံစားခွင့် အားလုံးကို လက်ရှိနေထိုင်ခံစားလျက်ရှိသော ပိုင်ဆိုင်သူ ဦးအောင်သော် H/RGN ၀၁၄၉၇၁၊ ၁၂/လမတ(နိုင်)၀၁၃၈၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြင်ညွှန့် ၉/ကပတ(နိုင်)၁၂၄၇၇၇ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်လွန်ပါက အထက်ပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– **ဦးတင်မောင်ကြီး(B.A.,R.L)**
တရားရုံးချုပ်ရှေ့နေ (၁၉၁၇)
၂၉ (တတိယထပ်)၊ ၃၅ လမ်း၊
ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဦးမင်းထွဋ် (ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)–ဒေါက်တာချိုချိုညွန့်(ပါမောက္ခ ဆေး–၁)တို့၏ ဖခင် ဦးခင်ရွှေ(ခ) အရွှေ(ကျိုက်ထော်) အသက်(၇၂)နှစ်သည် ၁၆–၁၀–၂၀၀၇ ရက် (အင်္ဂါနေ့) ည ၁၀း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

ဗလငါးတန်ဖွံ့ဖြိုးဖို့ ဓာအုပ်ဓာပေ လေ့လာစို့

တိုက်ကြီးမြို့နယ် သာသနာ့ဗိမာန်အတွက် လှူဒါန်းနိုင်

တိုက်ကြီး အောက်တိုဘာ ၁၇

တိုက်ကြီးမြို့ အိုးတန်းရပ်ကွက် မင်းကျောင်းကြီးဆရာတော် ဘဒ္ဒန္တ ကောဝိဒနှင့် ဘဒ္ဒန္တတေဇနိယတို့က လွှဲအပ်လှူဒါန်းထားသောမြေနေရာ၌ မြို့နယ် သာသနာ့ဗိမာန် အဆောက်အအုံကို မြို့နယ်သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေး ဆရာတော်များအဖွဲ့က ကြီးမှူး တည်ဆောက်လျက်ရှိသည်။

အဆိုပါအဆောက်အအုံ၏ နေရာဌာနအလိုက် အလှူငွေများကို တေဇာရာမ ကျောင်း ဖုန်း–၀၅၅–၂၀၂၁၄၊ မစိုးရိမ်ကျောင်း ဖုန်း–၀၅၅–၂၀၂၃၅၊ မင်းကျောင်းကြီး ဖုန်း–၀၅၅–၂၀၂၁၆နှင့် ပုညရံသီမဟာစည်ရိပ်သာ ဖုန်း–၀၅၅–၂၀၂၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တူးဖော်ဆောင်ရွက်ခဲ့သော ရွာသစ်ကျေးရွာ စက်ရေတွင်း ပုံမှန်လည်ပတ်နိုင်ခြင်း ရှိ မရှိကို စက်တင်ဘာ ၂၄ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းရောဂါမရှိစေရေး ဟသ်ာတမြို့၌ ဆောင်ရွက်

ဟသ်ာတ အောက်တိုဘာ ၅

ဟသ်ာတမြို့တွင် မိုးရာသီ ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ စက်တင်ဘာ ၂၅ ရက်က ရေတွင်း၊ ရေကန်များ ရှင်းလင်းခြင်းနှင့် ဘလိချင်းပေါင်ဒါခတ်ခြင်းများ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြို့နယ် သတင်းများ

ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်နေသော မြေနီကုန်းကျေးရွာ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၂၂ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးစည်သူ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပဒူတောင် ရင်းကျေးလက်လမ်း ပြုပြင်မှုကို အောက်တိုဘာ ၉ ရက်က အမှုဆောင်အရာရှိ ဦးဝင်းဆွေ နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်
၂၀–၁၀–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) အသည်းထဲကချစ်စကားတွေ (ကျော်ဟိန်း၊ မေရွက်ဝါ)
(၂) မင်းပဲအနားမှာနေ (ကိုင်ဇာ၊ မေဆွိ)
(၃) ချစ်တာသေချာတယ် (တိုနီသစ်လွင်၊ ရတနာဦး)

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရေတာရှည်မြို့နယ် မြို့လုဒေသ၏ ပဲစိုက်ပျိုးမှုအကြောင်း)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) အတ္တပရမ္မတစေ (ခေါင်းကြီး)
(၂) အတ္တ (ဆောင်းပါးသရုပ်ဖော်)
၁၂း၁၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ
၁၂း၄၅ ၂၁ ရာစု လူမှုဝေါဟာရမိတ်ဆက် (The Best Years –မောင်ဆုရှင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်း–အင်္ဂလိပ်စာ– Use of My, Your, His, Her)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာမြန်မာစကားမြန်မာစာ (မှားသုံးလေ့ရှိသော ကို နှင့် အား) (မောင်ခင်မင်–ဓနုဖြူ)
၁၆း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကြင်သူ့အသည်း ဘယ်မှာလဲရှင် (နေဖြူ–ညွန့်ညွန့်ရွှေ)
(၂) ချစ်ခွင့်ဘယ်ခါကြုံပါ့မယ် (ကိုတင်ကိုး)
(၃) မေတ္တာစိတ်ရင်းများနဲ့ကွယ် (ခင်သိန်းဝင်းလေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလုအပနှင့်ကိုယ်လက်လှုပ်ရှားမှု– မေလေး)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၈း၄၀ လုပသာယာ အိမ်ဂေဟာ (အဆင့်မြင့်မြင့် စတိုင်ကျကျ စိတ်ချမ်းမြေ့စရာ နေဖို့ရာ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထင်းရှူးရိပ် တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်သူ့လက်ဆောင်–၁)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့မှ တေးသံစုံ)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အမေ့ရင်ခွင် (သင်းသင်းအေး)
(၂) စိမ်းသထက်စိမ်း (ကိုမြင့်ဆွေ)
(၃) ချိန်းတဲ့ညနဲ့ ချစ်တဲ့သူ (မြင့်မြင့်စိန်)

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။

ဈေးသည်များ စီးပွားရေးထိခိုက်သည်။

လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။

ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်ပွေ့တစ်ပိုက်ရရှိသွားကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား